# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၇၇)၊ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂-၆-၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)နှင့် အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း)ကြည့်ရှုစစ်ဆေး ဝန်ထမ်းများအနေဖြင့် စက်ရုံလည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း

**နေပြည်တော် ဇွန် ၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့ရှိ အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)သို့ ရောက်ရှိပြီး ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ၊ စက်ပစ္စည်းများ၊ ထရန်စဖော်မာပြုပြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ စက်ရုံတာဝန်ရှိသူများအနေဖြင့် မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးအတွက် ရှုထောင့်ပေါင်းစုံမှသုံးသပ်၍ ကြိုတင်မျှော်တွေး စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ စက်ပစ္စည်းများ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်း မှတ်တမ်းထားရှိပြီး စနစ်တကျဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်စဉ် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံရှိ ပုံသေပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် မှတ်တမ်းများဖြင့်ထိန်းသိမ်း၍ စစ်ဆေးကြပ်မတ်ခြင်းလုပ်ငန်းများကို အစဉ်အမြဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် စက်ရုံလည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း)သို့ ရောက်ရှိပြီး ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံပြန်လည်လည်ပတ်နိုင်ရေးအတွက် စက်ပစ္စည်းကိရိယာများ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းတာဝန်များကို လက်တွေ့ကျသည့် စီမံချက်များ ရေးဆွဲဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေပါသည်။

**မြန်မာပင်လယ်ပြင်မှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၃ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

## ယနေ့ ဖတ်စရာအညွှန်း


**အသက် ၅၀ အရွယ်များတွင် အကြားအာရုံချို့ယွင်းနေသူများ ဉာဏ်ရည်ကျဆင်းမှု ပိုမိုဖြစ်ပေါ် နိုင်ကြောင်း တွေ့ရှိရ**

စာမျက်နှာ ၇

**မြန်မာ့ရိုးရာ အမွေအနှစ်တစ်ခုဖြစ်သည့် သနပ်ခါး ဈေးကွက်ခိုင်မာမှုကြောင့် အရောင်းအဝယ်ပုံမှန်လည်ပတ်**

စာမျက်နှာ ၁၉

၂၀၂၅ ခုနှစ် ၊ ဇွန် ၂ ရက်၊ တနင်္လာနေ့။

# ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှုကျဆင်းရေးနှင့် ထိန်းချုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

လူသားများ၏ အကြီးမားဆုံးရန်သူမှာ မူးယစ်ဆေးဝါးဖြစ်သည်။ ထိုမူးယစ်ဆေးဝါး၏ ရေသောက်မြစ်မှာ ဆေးလိပ်ဖြစ်သည်။ ဆေးလိပ်သောက်ခြင်းကြောင့် ရသောအကျိုးများသည် လူသားများကို သေဆုံးသည်အထိ အန္တရာယ်ပြုနိုင်သည်။

၂၀၂၅ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်မှာ အင်္ဂလိပ်ဘာသာဖြင့် "Unmasking the appeal; Exposing industry tactics on tobacco and nicotine products" ဖြစ်ပြီး ဆေးလိပ်ဆေးရွက်ကြီး ထုတ်ကုန်များ၏ ဆွဲဆောင်လှည့်စား ကြော်ငြာထား၊ သတိပြုဆင်ခြင်တွန်းလှန်သွား"ဟု မြန်မာဘာသာ ပြန်ဆိုထားသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်းနှင့် အကူအညီပေးခြင်းများကို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေအရ တားမြစ်ထားပြီးဖြစ်ပါကြောင်း၊ ဆွဲဆောင်မှုဖြစ်စေသည့် ထုပ်ပိုးမှုပုံစံများကို တားဆီးနိုင်ရန်အတွက် ထုတ်ပြန်ခဲ့သည့် "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်"သည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်တွင် စတင်အာဏာသက်ဝင်ခဲ့ပြီး အမိန့်စာနှင့်အညီ လိုက်နာဆောင်ရွက်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။ ၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံအတွင်း မကူးစက်နိုင်သောရောဂါများ၊ ဖြစ်ပွားနိုင်ခြေများကို STEPs နည်းလမ်းဖြင့် လေ့လာခြင်းသုတေသန (STEPs Survey Myanmar 2024) အရ ဆေးလိပ်နှင့်ဆေးရွက်ကြီး သောက်သုံးမှုအခြေအနေသည် ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် သုတေသနနှင့်နှိုင်းယှဉ်ပါက လျော့နည်းလာသည်ကို ဝမ်းမြောက်ဖွယ် တွေ့ရှိရပါကြောင်း။ အီးစီးကရက်ကဲ့သို့သော အီလက်ထရွန်နစ်အငွေ့ရှူစက်များကို သုံးစွဲမှုများပြားလာခြင်းနှင့် ပတ်သက်၍လည်း ထိန်းချုပ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) Meeting Hall ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားခဲ့သည်။

ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှုကျဆင်းရေး၊ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ မိမိကိုယ်တိုင်ဆေးလိပ်သောက်ခြင်း၊ ဆေးလိပ်ငွေ့က ပတ်ဝန်းကျင်မှ လူအများကို ထိခိုက်စေသည်ကို သတိမူ၍ ရှောင်ရှားနိုင်ကြရန်နှင့် စိုက်ပျိုးသူတောင်သူများအကြားတွင်လည်း ဆေးရွက်ကြီးအစားထိုး စားပင်သီးပင်များ စိုက်ပျိုးခြင်းအား အသိပညာမြှင့်တင်ခြင်း၊ နည်းပညာနှင့်ငွေကြေးထောက်ပံ့ခြင်း၊ ဆေးရွက်ကြီး အစားထိုးသီးနှံများအတွက် ဈေးကွက်ဖော်ဆောင်ပေးခြင်းများကို အလေးထားဆောင်ရွက်ပေးရန် နီးနွယ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မင်္ဂလာမန္တလေးဝင်းအတွင်းရှိ ဈေးဆိုင်ခန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်




**မန္တလေး ဇွန် ၁**

မင်္ဂလာမန္တလေးဝင်းအတွင်းရှိ The Move Shopping Area မှ ဆိုင်ခန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

၂၈-၃-၂၀၂၅ ရက်နေ့တွင် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ပြီးနောက် ခေတ္တပိတ်ထားခဲ့သော မင်္ဂလာမန္တလေးဝင်းအတွင်းရှိ ဈေးဆိုင်ခန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ လမ်းညွှန်ချက်များနှင့်အညီ ကျွမ်းကျင်အင်ဂျင်နီယာများဖြင့် ပြုပြင်မွမ်းမံမှုများကို ဦးစားပေးဆောင်ရွက်ခဲ့ပြီးနောက် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၇၃ လမ်း၊ ၁၀၂-အေလမ်းနှင့် ၁၀၇ လမ်းကြား၊ မင်္ဂလာမန္တလေးဝင်းအတွင်း Multi- Storey Car Park , Ground Floor ရှိ The Move Shopping Area မှ ဆိုင်ခန်းများအား ၂၀၂၅ ခုနှစ် ဇွန် ၁ ရက်တွင် Pre-Opening အဖြစ် ပြန်လည်ဖွင့်လှစ်ပြီး ပုံမှန်အတိုင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် မန္တလေးမြို့ပေါ် Shopping mall များ၊စားသောက်ဆိုင်များ မင်္ဂလာမန္တလေး အပါအဝင် စီးပွားရေးလုပ်ငန်းများမှာ ပြန်လည်ဖွင့်လှစ်လျက်ရှိပြီး ပုံမှန်အတိုင်း လည်ပတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်-၆)**

o-o-o-o-o

# ကျေးရွာစာကြည့်တိုက်များသို့ သုတ၊ ရသ စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်း




**မကွေး ဇွန် ၁**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ကံသာကြီးကျေးရွာအုပ်စု၊ ကြယ်တံခွန်စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အကူအညီဖြင့် သုတ၊ ရသ စာအုပ်များ မ,တည် လှူဒါန်းပွဲ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီခွဲက အဆိုပါ ကျေးရွာ ကြယ်တံခွန်စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦး၊ ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်နှင့် တာဝန်ရှိသူများက သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းရာ ကံသာကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က လက်ခံရယူသည်။

(အပေါ်ဝဲပုံ)

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့စေရေး၊ စာအုပ်စာပေများ တိုးတက်များပြားစေရေး၊ ကျေးရွာရှိ လူငယ်၊ လူရွယ်များ အသိပညာ တိုးတက်စေရေး၊ ကျောင်းသားကျောင်းသူများအနေဖြင့် နေ့စဉ်စာဖတ်ရာ၌ သုတ၊ ရသပညာရပ်အစုံကို ဖတ်ရှုနိုင်ရန် ရည်ရွယ်၍ လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များနှင့်အတူ စာကြည့်တိုက်အတွင်း၌ ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်များအား လိုက်လံကြည့်ရှုကြကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# အမရပူရမြို့နယ်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မန္တလေး ဇွန် ၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှဦးစီး၍ အမရပူရမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က အမရပူရမြို့နယ်၊ ကြည့်မြင်တိုင်ကျေးရွာအုပ်စုအတွင်းရှိ မန္တလေးငလျင်ကြီးတွင် ပျက်စီး၊ ဆုံးရှုံးခဲ့သော အိမ်ထောင်စု လူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ် UID ကတ်များအား မေ ၃၁ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကြည့်မြင်တိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ကွင်းဆင်း၍ အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ယာပုံ)

(ဝ၄၅)

o-o-o-o-o

o-o-o-o



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့နယ် မင်းကွန်းဒေသရှိ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သမိုင်းဝင်မြသိန်းတန်စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများကိုလည်းကောင်း၊ မင်းကွန်းခေါင်းလောင်းကြီး ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှု ရှိ/မရှိကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးသည်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံတို့ စစ်ကိုင်းမြို့ မင်းကွန်းဒေသ သမိုင်းဝင်မြသိန်းတန်စေတီသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် မင်းကွန်းဗုဒ္ဓဘာသာဘိုးဘွားရိပ်သာတွင် သက်ကြီးဘိုးဘွားများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ပေးအပ်သည့် လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်း ၁၈ မျိုးကို ပေးအပ်ပြီး ချက်ပြုတ်ရေးအဆောင်နှင့် ဘိုးဘွားအိပ်ဆောင်များသို့ သွားရောက်၍ သက်ကြီးဘိုးဘွားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ပုထိုးတော်ကြီးနှင့် ခြသေ့်ကြီးအားလည်းကောင်း၊ မင်းကွန်းသီတဂူရေအလှူတော်ပင်မရေတင်စက်ရုံအားလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မင်းကွန်းနယ်မြေရဲစခန်းအား လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်း ၁၈ မျိုးအားပေးအပ်ခဲ့ပြီး ငလျင်ဘေးဒဏ်ကြောင့် ဝန်ထမ်းအိမ်ရာများ ပြိုကျပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေရှိ တိပိဋကနိကာယကျောင်းတိုက် ဆရာတော်ကြီးများအား စားသောက်ကုန်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကာ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော တိပိဋကနိကာယကျောင်းတိုက်ကို စက်ယန္တရားကြီးဖြင့် ဖယ်ရှားရှင်းလင်းနေမှုအားလည်းကောင်း၊ ကြက်ထောင့်ကန်ချောင်းပေါက်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် ပယ်ငါးဆယ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့၌ ငလျင်ဘေးဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သောအဆောက်အအုံများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ် သမိုင်းဝင်အောင်မြေ ရွှေကြက်ကျ ဆုတောင်းပြည့်မြတ်စွာဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သောအပျက်အစီးများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်ရှိ ပဋ္ဌမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရား၊ စန္ဒာမုနိဘုရားနှင့် ကျောက်တော်ကြီးမြတ်စွာဘုရားများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အလှူငွေများ ပေးအပ်လှူဒါန်းကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ရန်ကုန်-မန္တလေးလမ်းမကြီးဘေးရှိ လမ်းဘေးဝဲ/ယာမှ ရေနုတ်မြောင်းများအား ရေစီးရေလာကောင်းမွန်စေရေးအတွက် စက်ယန္တရားများဖြင့် ဆယ်ယူနေမှုအခြေအနေများအားလည်းကောင်း၊ ကျောက်ဆည်မြို့ ဖျောက်ဆိပ်ပင်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနရုံးဝင်းအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အဆောက်အအုံများအားလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးကာ ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ် တရုတ်စုရပ်ကွက်ရှိ တိုက်ကျောင်းပရိယတ္တိစာသင်တိုက်၌ သံဃာတော်များ ဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန် စာမေးပွဲဖြေဆိုရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ်ရှိ POWER GEN KYAUKSE COMPANY LIMITED သဘာဝဓာတ်ငွေ့အင်ဂျင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် လျှပ်စစ်ဓာတ်အားပေးစက် အင်ဂျင်ရှစ်လုံးရှိသည့်အနက် အင်ဂျင်ခုနစ်လုံးမှာ ရာနှုန်းပြည့် ပြုပြင်ပြီးစီး၍ လည်ပတ်လျက်ရှိပြီး အင်ဂျင် တစ်လုံးလျှင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအနေဖြင့် ၁၈ ဒသမ ၄၇၁ မဂ္ဂါဝပ်ရှိပြီး တစ်ရက်လျှင် မဟာဓာတ်အားလိုင်းသို့ ၁၂၉ ဒသမ ၂၉၇ မဂ္ဂါဝပ်ခန့် ထုတ်လုပ်ပေးသွင်းလျက်ရှိကြောင်း တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုအပေါ် ကျန်ရှိသည့်စက်အား အမြန်ပြုပြင်ဆောင်ရွက်ပြီး လုပ်ငန်းလည်ပတ်နိုင်ရေး မှာကြားခဲ့ပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့ ကျောက်တော်ကြီးမြတ်စွာဘုရား၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံ ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် စဉ့်ကိုင်မြို့နယ်ရှိ POWER GEN KYAUKSE COMPANY LIMITED သဘာဝဓာတ်ငွေ့အင်ဂျင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဇွန် ၁

**မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ** ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# အနာဂတ်ဆီသို့ အတူလက်တွဲလျှောက်လှမ်းမည် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅) နှစ်ပြည့်အထိမ်းအမှတ် နှစ်နိုင်ငံမီဒီယာဆွေးနွေးပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၁

အနာဂတ်ဆီသို့ အတူလက်တွဲလျှောက်လှမ်းမည် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅) နှစ်ပြည့်အထိမ်းအမှတ် နှစ်နိုင်ငံ မီဒီယာဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့် အနာဂတ်ဆီသို့ အတူလက်တွဲလျှောက်လှမ်းမည် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်ပြည့်အထိမ်းအမှတ် နှစ်နိုင်ငံ မီဒီယာဆွေးနွေးပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။

အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီး Ms. Cao Jing နှင့် တာဝန်ရှိသူများ၊ ပါဝင်ဆွေးနွေးကြမည့်ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် China Media Group တို့မှ အဆိုရှင်များက တရုတ်ကျေးလက်"ပန်းစံပယ်" သီချင်းဖြင့် အဖွင့်သီဆိုဖျော်ဖြေကြသည်။

ထို့နောက် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅)နှစ်ပြည့် အထိမ်းအမှတ် "ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးမှသည် ပိုမိုတိုးတက်အောင်မြင်မည့် နွေးထွေးသည့် မြန်မာ-တရုတ် ဆက်ဆံရေး" Video Clip ကို ပြသသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ယခုနှစ်သည် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅) နှစ်ပြည့် စိန်ရတုကာလဖြစ်သဖြင့် နှစ်နိုင်ငံအတွက် ထူးခြားလေးနက်မှုရှိပါကြောင်း၊ ယနေ့ပြုလုပ်သည့် နှစ်နိုင်ငံ မီဒီယာဆွေးနွေးပွဲ၏ ရည်ရွယ်ချက်ဖြစ်သော "အနာဂတ်ဆီသို့ အတူလက်တွဲလျှောက်လှမ်းမည်" ဆိုသည့်အတိုင်း နှစ်နိုင်ငံမီဒီယာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ပိုမိုတိုးတက်ခိုင်မြဲအောင် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မကြာမီက မိမိတို့နိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြီးနှင့် ပတ်သက်ပြီး တရုတ်နိုင်ငံမှ မီဒီယာများက ကမ္ဘာအနှံ့သိရှိအောင် အချိန်နှင့်တစ်ပြေးညီ မျှဝေပေးခဲ့သည့်အတွက် ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် များစွာအထောက်အပံ့ဖြစ်ခဲ့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား မီဒီယာပူးပေါင်းဆောင်ရွက်မှုသည် ဆယ်စုနှစ်များစွာကြာမြင့်ခဲ့ပြီး ရင်းနှီးခင်မင်သော ကူးလူးဖလှယ်မှုများ ရှိနေပြီဖြစ်ပါကြောင်း၊ တိုးတက်လာသည့် နည်းပညာများနှင့်အညီ ဖွံ့ဖြိုးတိုးတက်သည့် မီဒီယာကဏ္ဍကို ယခုထက် ပိုမိုပူးပေါင်းဆောင်ရွက်ပြီး နှစ်နိုင်ငံဆက်ဆံမှုခိုင်မြဲရေး၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေးတို့ကို ထိရောက်စွာ ဆောင်ရွက်သွားကြမည်ဖြစ်ပြီး အေးအတူ ပူအမျှ အသိုက်အဝန်း ပုံသဏ္ဌာန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Ms. Cao Jing က မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးအနေဖြင့် မီဒီယာ၏ အခန်းကဏ္ဍကို အလေးထားပါကြောင်း၊ မြန်မာ-တရုတ်မီဒီယာတွေ့ဆုံပွဲကို သုံးလတစ်ကြိမ် ကျင်းပလေ့ရှိပါကြောင်း၊ နှစ်စဉ် မြန်မာမီဒီယာ မိတ်ဆွေများကို တရုတ်နိုင်ငံ လေ့လာရေးခရီးစဉ်နှင့် မွမ်းမံသင်တန်းများ စီစဉ်ပေးပြီး မြန်မာ့နယ်ပယ်အသီးသီးသို့ စစ်မှန်သည့် တရုတ်နိုင်ငံ၏ပုံစံကို ပြသလျက်ရှိပါကြောင်း၊ နောက်ပိုင်းတွင်လည်း တရုတ်သံရုံးက နှစ်နိုင်ငံမီဒီယာမိတ်ဆွေများ ကူးလူးဖလှယ်ဆွေးနွေးပွဲများကို ပိုမိုကျင်းပပေးပြီး တရုတ်ယဉ်ကျေးမှု၏ ဝိသေသလက္ခဏာများနှင့် ဆွဲဆောင်မှု၊ တရုတ်ပြည်သူများ၏ ခင်မင်ရင်းနှီးမှုနှင့် ရိုးသားမှုတို့ကို မြန်မာမိတ်ဆွေများ လက်တွေ့ခံစားရစေရန် ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အဆိုရှင်များက "လွမ်းဖွယ်" သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် "အရေးပေါ် အခြေအနေများအတွင်း မြန်မာ-တရုတ် မီဒီယာ ပူးပေါင်းဆောင်ရွက်မှုများသည် တူညီသောအနာဂတ်များရှိသည့် မြန်မာ-တရုတ် အသိုက်အဝန်း၏ အနှစ်သာရအဓိပ္ပာယ်ကို ဖော်ကျူးခြင်း"၊ "ငလျင်အလွန် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု သတင်းများ ရယူရေးအတွက် မီဒီယာပူးပေါင်းဆောင်ရွက်မှုအနာဂတ် အလားအလာ" နှင့် "မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅) နှစ်ပြည့်မြောက်ခြင်းကို အခွင့်အလမ်းအဖြစ် သဘောထား၍ တရုတ်အသွင်ပုံစံ ခေတ်မီမှုဖြင့် မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်မှု (သံတမန်ဆက်ဆံရေး၊ မီဒီယာကဏ္ဍ)အတွက် အခွင့်အလမ်းအသစ်များ ယူဆောင်လာပေးခြင်း" ခေါင်းစဉ်တို့ဖြင့် အပိုင်းသုံးပိုင်းခွဲ၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် China Media Group တို့မှ တာဝန်ရှိသူများက ပါဝင်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်



အရေးပေါ်အခြေအနေများအတွင်း မြန်မာ-တရုတ် မီဒီယာ ပူးပေါင်းဆောင်ရွက်မှုများသည် တူညီသော အနာဂတ်များရှိသည့် မြန်မာ-တရုတ် အသိုက်အဝန်း၏ အနှစ်သာရအဓိပ္ပာယ်ကို ဖော်ကျူးခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။

# ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားတွင် စိုးရိမ်ရေမှတ်ရောက်ရှိရန် တစ်ပေခွဲခန့်သာလို



မန္တလေး ဇွန် ၁

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားတွင် ယနေ့ည ၁၀ နာရီခွဲ၌ ယင်းဆိပ်ကမ်း၏ စိုးရိမ်ရေမှတ် ၁၂၀၀ စင်တီမီတာသို့ ရောက်ရှိရန် ၄၈ စင်တီမီတာ (တစ်ပေခွဲခန့်)အလိုသို့ ရောက်ရှိနေပြီး ဇွန် ၂ ရက်တွင် စိုးရိမ်ရေမှတ်သို့ ရောက်နိုင်သည်ဟု သိရသည်။

မြစ်ကြီးနားမြစ်ရေသည် ယနေ့ည ၈ နာရီခွဲခန့်က မြစ်ရေထက် ၉ နာရီခွဲတွင် ၅ လက်မခန့် ထပ်မံမြင့်တက်လာရာ ၁ နာရီအတွင်း ရေတက်နှုန်း ၅ လက်မရှိသည်ဟု ဆိုသည်။

(ဓါပုံ)

မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ယနေ့ည ၈ နာရီတွင် ထုတ်ပြန်သည့် မြစ်ရေသတိပေးချက်တွင် ည ၇ နာရီခွဲက တိုင်းထွာချက်အရ မြစ်ကြီးနားတွင် မြစ်ရေမှတ် ၁၁၂၅ စင်တီမီတာရောက်ရှိနေပြီး ဇွန် ၂ ရက်တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၂၀၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း ဖော်ပြပါရှိသည်။

ည ၉ နာရီခွဲက မြစ်ရေသည် ညနေပိုင်းက မြစ်ရေထက် တစ်ပေခွဲခန့်မြင့်တက်ခဲ့ပြီး တဖြည်းဖြည်းဆက်လက်မြင့်တက်လာကာ ယင်းဆိပ်ကမ်း၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)

ကျွန်ုပ်တို့အနာဂတ် သာယာလှပဖို့ အမှိုက် စနစ်တကျ စွန့်ပစ်စို့။

# ပခုက္ကူမြို့နယ်အတွင်း အများပြည်သူသွားလာအသုံးပြုနေသည့် လမ်းများပေါ်၌ PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများအား ဖယ်ရှားရှင်းလင်း

နေပြည်တော် ဇွန် ၁

PDF အမည်ခံအကြမ်းဖက်သမားများသည် အများပြည်သူများ အထိတ်တလန့်ဖြစ်စေရန်၊ ရိုးသားစွာ နေထိုင်လုပ်ကိုင်စားသောက်နေမှုများကို နှောင့်ယှက်ရန်၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ အခက်အခဲများ ဖြစ်ပေါ်စေရန်နှင့် အကြောက်တရားများ ပိုမိုဖြစ်ပေါ်စေရန် ရည်ရွယ်၍ မြို့၊ ရွာ၊ ရပ်ကွက်၊ ကျေးရွာများ၊ လမ်း၊ တံတားများ၌ မိုင်းထောင် ဖောက်ခွဲခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ အများပြည်သူများ သွားလာအသုံးပြုလျက်ရှိသည့် လမ်းများပေါ်၌ လက်လုပ်မိုင်းများ တွေ့ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ကားလမ်းမဘေး တစ်လျှောက်တွင် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရ လက်လုပ်မိုင်း (ပီပါမိုင်း၊ ရှေ့ထွက်မိုင်း) များကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး အများပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေးအတွက် စနစ်တကျ ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ ပြည်သူများအပေါ် ထိခိုက်ပျက်စီးဒဏ်ရာရရှိစေရန် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များအပေါ် ပြည်သူလူထုက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်







PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရ လက်လုပ်တိုက်မိုင်းများကို တွေ့ရစဉ်။







## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်ကအာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကထက်အပြင်းဖျားရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များအား လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေး နှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့လုံးဝ(လုံးဝ) ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်းပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊ (ဈ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိ ဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# နှစ် ၆၆၀ ပြည့် အင်းဝ(၇)

ဒီအပတ်မှာတော့ အင်းဝကို စတုတ္ထအကြိမ် ပြန်လည်ပြုပြင်ပြီး မြို့တော်အဖြစ် စိုးစံခဲ့တဲ့ ဘကြီးတော် စစ်ကိုင်းမင်းရဲ့ မိဖုရားခေါင်ကြီး ရှင်မင်းနုရဲ့ ကောင်းမှုဖြစ်တဲ့ မဟာအောင်မြေဘုံသာ(ခေါ်)မယ်နုအုတ်ကျောင်းကို သုတေသနအမြင်နဲ့ တင်ပြပါ့မယ်။ ဘကြီးတော်စစ်ကိုင်းမင်းနဲ့ မိဖုရားခေါင်ကြီးတို့ဟာ နန်းသက် ၁၉နှစ်ခန့်အတွင်း ဘာသာရေးနဲ့ နှီးနွယ်တဲ့ကောင်းမှုများစွာကို ပြုခဲ့ကြပါတယ်။ ဘုရားစေတီ ကျောင်းကန်တွေ အသစ်တည်ဆောက်ခဲ့သလို အဟောင်းတွေကိုလည်း ပြုပြင်ခဲ့ကြပါတယ်။ အဲဒီအထဲက မိဖုရားကြီးရဲ့ အမည်နဲ့ထင်ရှားခဲ့တဲ့ ကျောင်းတော်ကြီးကတော့ မယ်နုအုတ်ကျောင်းတော်ကြီးပါ။ ဒီကျောင်းကြီးဟာ စည်တိုပုံမြို့ရိုးအတွင်း အရှေ့မြောက်ဘက် ထီးလှိုင်ရှင်ကုန်းနဲ့ တွဲဆက်လို့ တည်ရှိနေပါတယ်။ ရှေးဦးစွာပြောချင်တာက ဒီကျောင်းကြီးကို မိဖုရားကြီးဟာ မြန်မာသက္ကရာဇ် ၁၁၈၄ ခု၊ နတ်တော်လပြည့်ကျော် ၄ရက်နေ့မှာ စတင်ဆောက်လုပ်စေခဲ့ပါတယ်။ မိဖုရားခေါင်ကြီးလည်းဖြစ် ယောကျ်ားအပေါ် လွှမ်းမိုးနိုင်တဲ့သူလည်းဖြစ်တော့ တော်ပြီးအရည်အချင်းပြည့်ဝတဲ့ ပန်းရန်၊ ပန်းတော့၊ လက်သမားပညာရှင်တွေကို သုံးခဲ့မယ်ဆိုတာတော့ သိသာပါတယ်။ ကျောင်းတော်ကြီးအတွက် အစုစုကုန်ကျစရိတ်ဟာ ငွေဒင်္ဂါး ၃၀၀၀၀ ကျော် ဖြစ်တဲ့အတွက် သာမန်လူတွေ မမျှော်မှန်းနိုင်တဲ့ ကုန်ကျငွေဖြစ်ပါတယ်။ အားလုံးပြီးပြေလို့ မြန်မာသက္ကရာဇ် ၁၁၈၉ ခု၊ တပို့တွဲလဆန်း ၁၃ ရက်နေ့မှာ အရှင်နှစ်ပါးထွက်တော်မူပြီး "မဟာအောင်မြေဘုံစံ"ရယ်လို့ ကမ္ပည်းတင်ကာ ညောင်ကန်ဆရာတော် ဦးပိုးကို ကျောင်းတင်လှူခဲ့ပါတယ်။ ကျောင်းတင်ပွဲနဲ့အတူ ဇီဝိတဒါနအဖြစ် အကျဉ်းကျနေသူတွေကို လွှတ်ပေးခြင်း၊ ပြည်သူတို့အား ပုဆိုးထည်မျိုးလှူဒါန်းခြင်း၊ စတုဒိသာကျွေးမွေးခြင်းများလည်း ဆောင်ရွက်ခဲ့ပါတယ်။ တစ်ခါ ဆရာတော်ဦးပိုး ပျံလွန်တော်မူတော့ ဗုဒ္ဓသာသနာမှာ အလွန်ကျော်ကြားခဲ့တဲ့ ညောင်ကန်ဆရာတော် ဦးဖုစ်ကို ပင့်ဆောင်ကျောင်းထိုင်စေခဲ့ပါတယ်။ ဆရာတော်ဟာ "ဖုစ်အစ ဖုစ်အလယ် ဖုစ်အဆုံး"လို့ ထင်ရှားခဲ့တဲ့ ဖုစ်အဆုံးဆရာတော် ဖြစ်ပါတယ်။

ဒီလို ကြီးကျယ်ခမ်းနားတဲ့ ကျောင်းတော်ကြီးဟာ လက်ရာအလွန်ကောင်းမွန်တဲ့အပြင် ထူးခြားချက်တွေလည်းရှိနေခဲ့တဲ့ ကျောင်းတော်ကြီးလည်း ဖြစ်ပါတယ်။ ပထမအချက်က အစဉ်အလာအရ ကျောင်းတော်ကြီးကို အခြားကျောင်းတော်ကြီးများနည်းတူ ကျွန်းသစ်နဲ့ မဆောက်ဘဲ အုတ်အင်္ဂတေနဲ့ တည်ဆောက်ခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ ပိုပြီးတာရှည်ခံအောင်လို့ရယ်၊ ခဏခဏမပြင်ရအောင်လို့ရယ်ပါ။ ဒါကြောင့် မိဖုရားကြီးဟာ ကုသိုလ်ပွားအဖြစ် သူ့ဇာတိဖြစ်တဲ့ ရေဦးနယ်က ဖလံခုံရွာမှာလည်း အုတ်ကျောင်းတော်ကြီး တစ်ဆောင်ကိုပဲ ထပ်ပြီး တည်ဆောက်လှူဒါန်းခဲ့ပါတယ်။ မယ်နုအုတ်ကျောင်းတော်ကြီးရဲ့ ဗိသုကာလက်ရာကို လေ့လာကြည့်ရရင် အုတ်ကျောင်းတော်ကြီးရဲ့ အောက်ခြေမှာ ၅ပေ ပတ်လည်ရှိပြီး ကြီးမားတဲ့အုတ်တိုင်ကြီးများကို တစ်ခုနဲ့တစ်ခု တိုးစီပေါင်းကူး နည်းပညာနဲ့ဆက်စပ်ပြီး ထောင့်မှန်စတုဂံပုံ အခြေခံတဲ့ ကျောင်းကြမ်းပြင်အဖြစ် တည်ဆောက်ပြီးမှ အပေါ်ကကြီးမားတဲ့ အဆောင်များကို ဆက်လက်တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ ဆိုလိုတာက အပေါ်ကအဆောင်များရဲ့ အလေးဝန်ကို အောက်ကတိုင်ကြီးတွေက ခံနိုင်အောင် စနစ်တကျတွက်ချက်ပြီး တည်ဆောက်ထားတာပါ။ ဒါကြောင့် ကျောင်းအောက်ခြေကို ဝင်ရောက်လေ့လာရုံနဲ့တင် ကျောင်းတော်ကြီးရဲ့ ကြီးကျယ်ခမ်းနားမှု ဗိသုကာလက်ရာကို စတင်ခံစားရပါပြီ။ နောက်တစ်ချက်ကတော့ အစဉ်အလာကိုသွေဖည်ပြီး အဲ့ဒီကြမ်းပြင်ပေါ်မှာ ကျောင်းဦးပြာသာဒ်ဆောင်နဲ့ ဇေတဝန်ဆောင်မကြီး နှစ်ဆောင်တည်းပဲ တည်ဆောက်ခဲ့ပါတယ်။ စနုဆောင်နဲ့ ဘောဂဆောင်မပါခဲ့ပါဘူး။ ရှေးမြန်မာ့အစဉ်အလာ ဘုန်းတော်ကြီးကျောင်းများဟာ ကျောင်းဦးပြာသာဒ်ဆောင်၊ စနုဆောင်၊ ဇေတဝန်ဆောင်မကြီးနဲ့ ဘောဂဆောင်ဆိုပြီး လေးဆောင် ပါဝင်တည်ဆောက်လေ့ရှိပါတယ်။ ကျောင်းဦးပြာသာဒ်ဆောင်ဟာ ကျောင်းကြမ်းပြင်ထက် လှေကားသုံးထစ်စာပိုမြင့်ပြီး အဆောင်အတွင်းက ပလ္လင်တော်မှာ ဆင်းတုတော် ကိန်းဝပ်စံပယ်ထားကာ ခရီးဦးကုသိုလ်အဖြစ် ကျောင်းလာပရိသတ် ပူဇော်ရအောင်လို့ပါ။ မယ်နုကျောင်းရဲ့ ကျောင်းဦးပြာသာဒ်ဆောင်ထဲမှာလည်း အုတ်ပလ္လင်တော်ပေါ်မှာ စံပယ်ထားတဲ့ ကုန်းဘောင်ခေတ်ဦးလက်ရာ စကျင်ကျောက်ဖြူ ဆင်းတုတော်ကြီးကို ကြည်ညိုစွာ ဖူးတွေ့ရပါတယ်။ စနုဆောင်ကတော့ ကျောင်းဦးပြာသာဒ်နဲ့ ဆရာတော်များသီတင်းသုံးရာ ဇေတဝန်ဆောင်မကြီးကို ဆက်သွယ်ပေးထားတဲ့ ဆောင်ကူးအမျိုးအစားပါ။ဇေတဝန်ဆောင်မကြီးကတော့ အကျယ်ဝန်းဆုံးဖြစ်ပြီး သူ့ကို မာရဘင်(ခေါ်)ခန်းဆီးနဲ့ အလယ်မှာ ကန့်လန့်ပိုင်းခြားထားပါတယ်။ အရှေ့ပိုင်းမှာ မာရဘင်နဲ့ကပ်လျက် ဆင်းတုတော်တစ်ဆူ စံပယ်ထားပြီး ဘာသာရေးနဲ့သက်ဆိုင်တဲ့ ဘုန်းကြီးကိစ္စများ၊ လူ့အဖွဲ့အစည်းနဲ့ပတ်သက်တဲ့ကိစ္စများ၊ စာဝါသင်ကြားခြင်းများ၊ အာဂန္တုနဲ့ပတ်သက်တဲ့ကိစ္စများ စသဖြင့် ဆောင်ရွက်ရန်ဖြစ်ပါတယ်။ မာရဘင်နောက်ပိုင်းမှာတော့ သံဃာတော်များ သီတင်းသုံးနေထိုင်ကြပါတယ်။ ဘောဂဆောင်ကတော့ သံဃိကပစ္စည်းများ သိုမှီးရာ၊ လှူဒည့်သည်များ၊ ကိုရင်များ နေထိုင်ဖို့ပါ။ တစ်ခါတလေ ဆောင်မကြီးနဲ့ ဘောဂဆောင်အကြားမှာ ဆောင်ကူးအဖြစ် ဂုံးဆောင်ဆိုတာလည်း တွေ့ရတတ်ပါသေးတယ်။ အဲ့ဒီ ဂုံးဆောင်မျိုးကို မန္တလေးက ရွှေအင်ပင်ကျောင်းတော်ကြီးမှာ လေ့လာနိုင်ပါတယ်။

ဒါကြောင့် မယ်နုအုတ်ကျောင်းကြီးကို ဘေးမြင်အနေနဲ့ကြည့်ရင် မားမားစွင့်စွင့် မြင့်မားလှတဲ့ပြာသာဒ်ဆောင်ရယ်၊ အမိုးသုံးထပ်နဲ့ ဇေတဝန်ဆောင်မကြီးရယ်လို့ ခံ့ညားစွာတွေ့ရမှာပါ။ အရှေ့ကနေဆိုရင် ပြာသာဒ်ဆောင်ကိုတက်မယ့် သရက်ကင်းမဟုတ်သော အမရပူရခေတ်လက်ရာ ပန်းညွန့်အထွတ်တပ် အုတ်လှေကားကြီး သုံးစင်းကို တွေ့ရပါမယ်။ အဲ့ဒါကိုက မယ်နုအုတ်ကျောင်းကြီးရဲ့ နောက်ထပ်ထူးခြားမှုတစ်ခုပါပဲ။ အခြားဘုန်းတော်ကြီးကျောင်းအားလုံးလိုလို မှာ ကျောင်းဦးပြာသာဒ်ဆောင်ကိုတက်ရန် သရက်ကင်း လှေကားတစ်စင်းပဲ တပ်ဆင်တည်ဆောက်လေ့ရှိ လို့ပါပဲ။ အဲ့ဒါပြီးတော့မှ ဇေတဝန်ဆောင်မကြီးကို တက်ရန် ဝဲ၊ ယာမှာ ရှေ့နောက်အုတ်လှေကားကြီး နှစ်စင်းစီပါရှိပါတယ်။ ကျောင်းလာသူအားလုံးဟာ သတ်မှတ်ထားတဲ့ လှေကားကနေသာ ကျောင်းပေါ်တက်ခွင့်ရှိကြတယ်လို့လည်း ဆိုပါတယ်။ ဆိုလိုတာက ကျောင်းထိုင်ဆရာတော်၊ ဘုရင်နဲ့ မိဖုရားတို့က ကျောင်းဦးပြာသာဒ်ရဲ့ အလယ်လှေကား၊ သားတော်နဲ့ မင်းသားများက ညာဘက်လှေကား၊ မင်းသမီးနဲ့ အခြားမိဖုရားတွေကတော့ ဘယ်ဘက်လှေကားကနေ တက်ကြရတာမျိုးပါ။ ဆောင်မကြီးတောင်ဘက်ပိုင်း အရှေ့လှေကားက ဘုန်းကြီးနဲ့မင်းမှူထမ်းများ၊ အနောက်လှေကားက သာမန်ပြည်သူအမျိုးသားများသာ တက်ကြရပြီး မြောက်ဘက်ပိုင်း အရှေ့လှေကားက ကတော်မယားများ၊ အနောက်လှေကားက သာမန်အမျိုးသမီးများသာ တက်ကြရပါတယ်။ ကျောင်းလာသူအားလုံး အဆင်းလှေကားအဖြစ် ဆောင်မကြီးရဲ့ အနောက်ဘက်မှာရှိတဲ့ တစ်စင်းတည်းသော လှေကားကနေဆင်းကြရတယ်လို့ ဆိုကြပါတယ်။ အဲ့ဒါတင်မကဘဲ ဇေတဝန်ဆောင်မကြီးကို ဝင်တဲ့ အရှေ့ပါတဲ့ တံခါးပေါက်အချို့ရဲ့ တံခါးရွက်တွေကို အဖွင့်အပိတ်လုပ်တဲ့အခါ လိုချင်တဲ့အသံထွက်အောင် ဖန်တီးထားတယ်လို့ ဆိုကြပါတယ်။ ဥပမာ ဆောင်မကြီးရဲ့ အရှေ့ဘက်က အလယ်တံခါးရွက်ဟာ ဘုရင်တက်တဲ့ လှေကားနဲ့တည့်တည့်မှာရှိနေလို့ ဘုရင်၊ မိဖုရားကြွလာရင် သိရအောင် ခြင်္သေ့ဟိန်းသံမြည်အောင် ပြုလုပ်ထားတယ်လို့ ဆိုပါတယ်။ အခြားတံခါးတွေမှာလည်း သူ့အသံနဲ့သူ မြည်အောင်သေချာဖန်တီးထားပါတယ်။ စာရေးသူအရာရှိဘဝက အဲ့ဒီလိုအသံတွေ ထွက်တာမှတ်မိပါသေးတယ်။ နောက်ပိုင်းနားမလည်သူတွေက တံခါးပတ္တာနေရာမှာ သစ်သားနဲ့ သပ်ပင်းပြီး အသံမထွက်အောင် အမဲဆီတွေထည့်လိုက်လို့ အခုတော့ အသံမကြားရတော့ပါဘူး။ အုတ်လှေကားကြီးများက တက်တဲ့အခါမှာ ကျောင်းပေါ်ဝရန်တာပတ်လည်မှာ အင်္ဂတေပန်းတော့နဲ့ ကြေးကွေးစိုင်ပေါင် တော်ရနောင်ပါပြီး ဒုရင်အထွတ်တင်ထားတဲ့ နတ်မုခ်ပေါက်တွေ စိန့်တိုင်တွေနဲ့ လက်ရန်းတွေ တပ်ဆင်ထားပါသေးတယ်။ ထိုနည်းတူ ကျောင်းဦးပြာသာဒ်ဟာ ဘုံငါးဆင့်ဖြစ်ပြီး ဇေတဝန်ဆောင်မကြီးကတော့ ဘုံသုံးဆင့်ပါ။ အဆင့်တိုင်းမှာ အင်္ဂတေပန်းတော့လက်ရာများနဲ့ လှပဆန်းကြယ်စွာ အလှဆင်ထားသလို ဆောင်မကြီးအမိုးဆင့်များရဲ့ ထောင့်များမှာတော့ အမရပူရခေတ်ရဲ့ သီးသန့်ဟန်လို့ ပြောရမယ့် မနုသီဟရုပ်လုံးများကိုလည်း တွေ့ရပါတယ်။

နောက်တစ်ခုက မယ်နုကျောင်းတော်ကြီးရဲ့ ဆောင်မကြီး ကြမ်းပြင်များကို ထူထဲတဲ့ ကျွန်းသစ်ပြားကြီးများကို သံမယ်နကြီးတွေနဲ့ ရိုက်စွဲပြီး ခင်းထားပါတယ်။ ကျောင်းဦးပြာသာဒ်ဆောင်နဲ့ ဝရန်တာကို အုတ်အင်္ဂတေနဲ့ခင်းထားပြီး တံခါးတွေနဲ့ဆောင်မကြီးအတွင်းပိုင်းကြမ်းပြင်ကို ကျွန်းသစ်နဲ့တည်ဆောက်ထားတာပါ။ ဆောင်မကြီးကို ဝင်လိုက်တာနဲ့ အတွင်းမှာ စကြံကျယ်တစ်ခုကို စပြီးတွေ့ရပါတယ်။ ပြီးတော့မှ မာရဘင် ဆီးထားတာကို မြင်ရပါမယ်။ အဲ့ဒီမှာ ထပ်ပြီး သစ်သားဘုန်းကြီးကျောင်းတွေအတိုင်း မာရဘင်ကူးစကြံကျဉ်းတစ်ခု ထပ်ပြီးတွေ့ရပြန်ပါတယ်။ အဲ့ဒါပြီးမှ မာရဘင်ရဲ့အရှေ့ဘက်မှာ ရုပ်တော်မူဆင်းတုတော်၊ အနောက်ဘက်မှာ ကျောင်းထိုင်ဆရာတော်သီတင်းသုံးတဲ့ အခန်းများ ပါဝင်ဖွဲ့စည်းတည်ဆောက်ထားပါတယ်။ ဝရန်တာကလွဲလို့ ဆောင်မကြီးရဲ့ ကြမ်းပြင်ကနေ အတွင်းစကြံရယ်၊ မာရဘင်ကူးစကြံရယ်၊ ဆရာတော်သီတင်းသုံးတဲ့ အခန်းတို့ကို တစ်ဆင့်စီမြင့်ပြီး ဆောက်ထားတော့ အင်္ဂတေကြမ်းပြင်နဲ့ ဆောင်မကြီး သစ်သားကြမ်းပြင်ဟာ အနည်းဆုံး ၃ပေကျော်လောက် ကွာခြားနေပါတယ်။ အဲ့ဒီတော့ သစ်သားကြမ်းပြင်ပေါ်လမ်းလျှောက်ကြတဲ့အခါ အောက်ခြေမှာ လိုဏ်သံပေါက်နေလို့ မလိုလားအပ်တဲ့ ယုံတမ်းလုပ်ဇာတ်တွေနဲ့ မိဖုရားကြီးမယ်နုအပေါ် ပိုပြီးအပုပ်ချလို့ကောင်းသွားစေတာပေါ့။ တကယ်တမ်းတော့ သူတို့ပြောနေကြသလို ကျောင်းအောက်မှာ ဓားစက်၊ လှံစက်တွေ တပ်ဆင်ထားပြီး မိဖုရားကြီးမယ်နုရဲ့ ဆန့်ကျင်သူတွေကို ဖျောက်ဖျက်တယ်ဆိုတာ လုံးဝမဟုတ်သလို အဓိပ္ပာယ်လည်း ကင်းမဲ့နေပါတယ်။ သို့သော် ကျွန်တော်တို့ မြန်မာလူမျိုးတွေက ပုံပြင်တို့၊ ဇာတ်လမ်းတို့ကို အလွန်ကြိုက်နှစ်သက်ကြတာကိုး။ ဒါ့အပြင် စာဖတ်အားနည်းပြီး ဗဟုသုတလည်းနည်းပါးကြတော့ သူများပြောပြတာကို ဖြစ်နိုင်ခြေ ရှိ၊ မရှိဆိုတာ ဝေဖန်ပိုင်းခြားမှု လျှော့ပါးသွားတော့ အမှန်လို့ ထင်သွားကြသူတွေတောင် တဖြည်းဖြည်းများလာနေပါပြီ။

အဲ့ဒီလိုကြီးကျယ်ပြီးထင်ရှားခဲ့တဲ့ အုတ်ကျောင်းတော်ကြီးဟာ ဘကြီးတော်နန်းကျပြီး ဆက်ခံတဲ့ သာယာဝတီမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်၊နှောင်းတန်ခူးလဆန်း ၈ရက်(၂၂-၃-၁၈၃၉)ရက်မှာ လှုပ်ခတ်ခဲ့တဲ့ ငလျင်ကြီးဒဏ်ကြောင့် ပျက်စီးမှုတွေရှိခဲ့သော်လည်း သိပ်ပြီးမပြင်းထန်ခဲ့ပါဘူး။ ၁၂၃၄ ခုမှာ ကျောင်းအမကြီး မယ်နုရဲ့သမီးတော်ဖြစ်တဲ့ ဆင်ဖြူမရှင်(မင်းတုန်းမင်းရဲ့အလယ်နန်းမိဖုရား)က ပြန်လည်ပြုပြင်ခဲ့ပါတယ်။ သူ့ရဲ့ ပြုပြင်ချက်တွေကို ကျောင်းကြီးအောက်ခြေတိုင်တွေမှာ ထပ်ပိုးတိုးချဲ့ထားတာတွေ အမွမ်းပန်းအချို့ ပြုပြင်တာတွေအရ သိသာပါတယ်။ အဲ့ဒီလို ပြန်လည်ရှင်သန်ခဲ့တဲ့ မယ်နုအုတ်ကျောင်းတော်ကြီးဟာ(၂၈-၃-၂၀၂၅)ရက်နေ့မှာ လှုပ်ခတ်လိုက်တဲ့ ငလျင်ကြီးကြောင့် မြောက်ဘက်ခြမ်းဟာ ပြင်းထန်စွာထိခိုက်ပြီး ပျက်စီးခဲ့ရပါတယ်။ ဒီတစ်ခါထိခိုက်မှုက အတော်များပါတယ်။ ထုထည်ကြီးမားလှတဲ့ နံရံနဲ့အမိုးခုံးတွေပါမကျန် ပြိုပျက်ခဲ့ရတာမို့ ပြုပြင်ဖို့တောင် အတော်အချိန်ယူရမှာပါ။ အပြည့်အစုံ ပြန်လည်တည်ဆောက်တာမျိုးမဟုတ်ဘဲ ရှေးမူစနစ်နဲ့အညီ အများပြည်သူ နောင်လာနောက်သားများအတွက် အမှတ်တရဖြစ်အောင် အကောင်းဆုံးထိန်းသိမ်းဖို့ ပညာရှင်များ တိုင်ပင်ဆွေးနွေးအဖြေရှာနေဆဲပါ။ ပြောရရင် မယ်နုအုတ်ကျောင်းဆိုတာ အင်းဝမြို့ဟောင်းအတွက်သာ အရေးပါတာမဟုတ်ဘဲ နိုင်ငံတကာအဆင့်ထိ ထင်ပေါ်ကျော်ကြားခဲ့တာဖြစ်လို့ အမျိုးသားရေးအသွင်ဖြင့် ဝိုင်းဝန်းပါဝင်ထိန်းသိမ်းကြပါစို့လို့ နှိုးဆော်တိုက်တွန်းလိုက်ရပါကြောင်း။

(ဆက်လက်ဖော်ပြပါမည်။)

ကျမ်းကိုး - ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး(ဦးမောင်မောင်တင်)
ကွင်းဆင်းလေ့လာတွေ့ရှိချက်

ရက္ခိတ(ရှေး/သု)



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Zhaolusi ၏ Be Myself Variety Show အရှိအတိုင်း ရိုက်ကူး





တရုတ်အနုပညာရှင် ကျန်း လူစီ၏ ပထမဆုံး ရသစုံအစီ အစဉ်ဖြစ်သော Be Myself Variety Show မှာ သူ၏ True Self ကို အရှိအတိုင်းရိုက်ကူး ထားခြင်းဖြစ်ကြောင်း ဝိန်ဘို ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရသစုံအစီအစဉ်တွင် အပိုင်း(၁၂)ပိုင်း ပါဝင်ပြီး ကျန်း လူစီ၏ 1st ever Customized Variety Show ဖြစ်ကာ ဟာသ များနှင့် သဘာဝကျကျ တင် ဆက်ထားသည်။

ကျန်းလူဆီသည် ဘဝကို ခက်ခဲစွာ ဖြတ်သန်းခဲ့ရုံသာမက အနုပညာခရီးလမ်းတွင်လည်း ကြမ်းတမ်းခဲ့ရကာ အသက် ၁၈ နှစ်မှ ၂၆ နှစ်အရွယ် အတွေ့ အကြုံများစွာနှင့် ရင့်ကျက်သည့် မိန်းကလေးဖြစ်ခဲ့ရသည်။

ထိုရသစုံ အစီအစဉ်တွင် ပင်လယ်ကမ်းခြေတံငါရွာ Fujian သို့ ကျန်းလူစီနှင့်အတူ ဧည့်သည်တော်များအဖြစ် ဟွမ်ကန်ကန်၊ အချစ်ဆုံးသူငယ်ချင်း ဝိန်ရှောင် တို့လည်း ပါဝင်၍ ပရဟိတ လုပ်ငန်းများ လုပ်ကြမည် ဖြစ်သည်။ **(SKY)**

## ဂျပန်အနုပညာရှင် Hiroyuki Sanada က စိတ်ခွန်အားပေးစကားပြောကြားထား



ဂျပန်နာမည်ကြီးသရုပ်ဆောင် ဟီရိုယူကီဆာဒါနာက စိတ်ခွန် အားပေးစကားပြောကြားထားရာ ပရိသတ်များ နှစ်ခြိုက်စွာ အား ပေးထားကြကြောင်း ဟောလိဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဟီရိုယူကီဆာဒါနာက ပြော ကြားထားသည့် စိတ်ခွန်အား စကားတွင် မိမိအိမ်၌ ရေကူးကန် မရှိ၍ လိုချင်သူများရှိသလို၊ ရေ ကူးကန်ရှိပြီး မသုံးဖြစ်သူများ လည်း ရှိသည်။ ချစ်ရသူဆုံးရှုံးဖူး သူမှ ဆုံးရှုံးရသည့် ခံစားချက်ကို သိသော်လည်း ချစ်ရသူအနား ရှိချိန်တွင် အကောင်းမပြော ကြချေ။ လက်တွဲဖော်မရှိသူက လိုချင်ပြီး လက်တွဲဖော်ရှိသူက တစ်ခါတလေ တန်ဖိုးမထားတတ် ကြပေ။

ဗိုက်ဆာသူက ထမင်းတစ် ပန်းကန်အတွက် ဘာမဆိုလုပ် ကြမည်ဖြစ်ပြီး ထမင်းဝသူများ က အရသာကို ရွေးများကြသည်။ ကားမရှိသူက ကားလိုချင်ပြီး ကားရှိသူက ပိုကောင်းသည့် ကားလိုချင်ကြသဖြင့် အဓိက ပြောချင်သည်မှာ ကိုယ့်မှာရှိသည် ကို သေချာတန်ဖိုးထားကြည့် မြင်တတ်ရန်နှင့် ကိုယ်တန်ဖိုး မထားသည့်အရာကို အခြားသူက လိုချင်၍ ကြိုးစားနေသည်ကို နားလည်ရန်ဖြစ်သည်။ **(SKY)**



## BTS မှ Jung Kook က Gyeon Gnam ဒေသတောမီးလောင်မှုကို ဝမ် တစ်ဘီလီယံ လှူဒါန်း

ဘီတီအက်စ်အဖွဲ့ဝင် ဂျောင် ကုသည် ငွေကြေးမြောက်မြားစွာ ဆုံးရှုံးခံထားရသော်လည်း Gye-ongnam ဒေသ တောမီးလောင်မှု ကို ကူညီရန်အတွက် ဝမ်တစ် ဘီလီယံလှူဒါန်းခဲ့ကြောင်း ဝိန်ဘို ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျောင်ကု၏ လှူဒါန်းငွေထဲ မှ ဝမ်သန်း ၅၀ ကို အိုးအိမ် ဆုံးရှုံးသူများအတွက် အရေးပေါ် ထောက်ပံ့ကယ်ဆယ်ရေးပစ္စည်း များ ထောက်ပံ့ပေးမည်ဖြစ်ပြီး ကျန်ဝမ်သန်း ၅၀ ကို တောမီး နှင့် မီးလောင်ကျွမ်းမှုကဲ့သို့သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ နေရာများတွင် မြှုပ်နှံထားသည့် မီးသတ်တပ်ဖွဲ့ဝင်များအား အသိ ပညာပေးခြင်းနှင့် ကုသခြင်းများ သက်သေပြရန်အတွက် အသုံးပြု မည်ဖြစ်သည်။ ဂျောင်ကုက အလှူငွေနှင့်အတူ ဆုမွန်ကောင်း တောင်းပေးထားသည်။ **(SKY)**

## Darren Wang @ Wang Talu လူသတ်ရန် ကြံစည်မှုနှင့် ဖမ်းဆီးထိန်းသိမ်းခံရ

တရုတ်လူမှုကွန်ရက် စာ မျက်နှာများပေါ်တွင် သတင်းထူး အဖြစ် ဖော်ပြခံရသည့် ထိုင်ဝမ် မင်းသား ဒါရန်ဝေါင်(ခေါ်)ဝေါင် တာလူသည် လွန်ခဲ့သည့် နှစ်က လူသတ်ရန် ကြံစည်မှုနှင့် ဖမ်း ဆီးထိန်းသိမ်းခံရသည်ဟု ဝိန်ဘို ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဖြစ်ရပ်မှာ ထိုင်ဝမ် တွင် သင်တန်းတက်ရောက်ရန် တိမ်းရှောင်နေ၍ ကိုယ်ပိုင်ပစ္စည်း များဖြစ်သည့် ဖုန်းနှင့် ဆက်စပ် ပစ္စည်းများ သိမ်းဆည်းခဲ့ရာမှ ဖုန်းအတွင်း ၂၀၂၄ ခုနှစ် ဧပြီ လက မှုခင်းကို ရှာတွေ့ခဲ့ခြင်း ဖြစ်သည်။

ဒါရန်ဝေါင်က ထိုင်ဝမ်အမြန် လေဆိပ်အသွား အငှားကားစီး ရာမှ ကားသမားနှင့် ကတောက် ကဆဖြစ်ခဲ့ပြီး မကျေနပ်၍ ဂန်း စတားသူငယ်ချင်းကို ပညာပြ ပေးခိုင်းရာ သူငယ်ချင်းက ကိစ္စ ပြီးစီးကြောင်း သက်သေနှင့်တကွ ပို့ပေးခဲ့သည်။

ထိုသက်သေမှာ လူသတ် ရန် ကြံစည်မှုမြောက်ခဲ့၍ ထိန်း သိမ်းဖမ်းဆီးခံရခြင်းဖြစ်ကာ အနု ပညာရှင်များအကြောင်း ဖော်ထုတ် ရေးသားနေသည့် အကောင့်များ ကို ဝိန်ဘိုက ရုတ်တရက်ပိတ် သိမ်းလိုက်ကြသည်။

**(SKY)**



## မင်းသား Kim Soo Hyun က Kim Saeron သေဆုံးမှုနှင့် ဝေဖန်ပြစ်တင်ခံနေရ

ကိုရီးယားအနုပညာကြေး အမြင့်ဆုံး နာမည်ကြီး မင်းသား ကင်ဆူဟွမ်သည် ကွယ်လွန်သူ ကင်ဆာရမ်နှင့် ပတ်သက်ခဲ့သူ ဖြစ်၍ ပရိသတ်ဝေဖန်ပြစ်တင်မှု များခံနေရပြီး ကုန်အမှတ်တံဆိပ် နှင့် သူ့အကောင့်ကို ဖျက်ချသူ များပြားခဲ့ကြောင်း ဆွန်ပီဝက်ဘ် ဆိုက်တွင် ဖော်ပြသည်။

ကင်ဆူဟွမ် နှစ် ၃၀ နှင့် ကင်ဆာရမ်း ၁၆ နှစ်တို့ ၂၀၀၅ ခုနှစ်မှစ၍ ၂၀၂၁ ခုနှစ် ခြောက် နှစ်ကြာ ချစ်သူဖြစ်ခဲ့ကြောင်း အဒေါ်ဖြစ်သူ၏ ပြောကြားချက် အရ သိခဲ့ပြီး နှစ်ဦးသားရင်းနှီးမှု များ တစတစ ပိုမိုကြီးထွားမှုကို တွေ့ခဲ့ကြရသည်။

ကင်ဆူဟွမ်၏ အေဂျင်စီမှ



မှားယွင်းသော သတင်းအချက် အလက်များ ပျံ့နှံ့မှုကို ပြစ်တင် ရှုတ်ချပြီး ဥပဒေအရ အရေးယူ မည်ဆိုသော်လည်း ပရိသတ် ဖိအားပေးမှုနှင့် သက်သေခိုင်လုံမှု ရှိနေ၍ တစ်ပတ်ကြာမှ အချိန် ပေးရန် ပြောကြားထားသည်။

**(SKY)**



## အသက် ၅၀ အရွယ်များတွင် အကြားအာရုံချို့ယွင်းနေသူများ ဉာဏ်ရည်ကျဆင်းမှု ပိုမိုဖြစ်ပေါ်နိုင်ကြောင်း တွေ့ရှိရ

ဘရာဇီးနိုင်ငံတွင် မကြာသေးမီက ပြုလုပ်ခဲ့သော အကြီးစား လေ့လာမှုတစ်ခုအရ အသက် ၅၀ အရွယ်များတွင် အကြားအာရုံ ချို့ယွင်းနေသူများသည် ဉာဏ်ရည်ကျဆင်းမှု ပိုမိုဖြစ်ပေါ်နိုင် ကြောင်း တွေ့ရှိခဲ့သည်။

အယ်လ်ဇိုင်းမားရောဂါဂျာနယ်တွင် ဖော်ပြခဲ့သော ထိုတွေ့ရှိ ချက်က အကြားအာရုံကို ကာကွယ်ခြင်းဖြင့် ဦးနှောက်ကျန်းမာရေး ကိုပါ ကာကွယ်နိုင်ကြောင်း မီးမောင်းထိုးပြခဲ့သည်။ ဤဆက်စပ် မှုသည် အထူးသဖြင့် မှတ်ဉာဏ်ချို့ယွင်းမှုကို ကာကွယ်ရာတွင် ပိုမိုအာရုံစိုက်သင့်ကြောင်း သုတေသီများက အကြံပြုသည်။

၂၀၅၀ ပြည့်နှစ်တွင် မှတ်ဉာဏ်ချို့ယွင်းသူများ၏ ၇၀ ရာခိုင်နှုန်း ကျော်သည် ဘရာဇီးကဲ့သို့ ဝင်ငွေနိမ့်နှင့် အလယ်အလတ်တန်းစား နိုင်ငံများတွင် နေထိုင်လာကြမည်ဟု ယူဆရသည်။

လက်တွေ့အခြေအနေနှင့် ကာကွယ်နိုင်သောအချက်များကို ဖော်ထုတ်ပေးသည့် လေ့လာမှုများပြုလုပ်ရန် အရေးကြီးသည်ဟု ဆော်ပေါလိုတက္ကသိုလ် ဆေးပညာကျောင်းမှ ပါမောက္ခ ဦးဆောင် သုတေသီ ကလော်ဒီယာဆူမိုတိုက ရှင်းပြသည်။ **(SCI)**



## Raveena တို့ သားအမိကို Paris Fashion Week တွင် တွေ့ရပြီး လျှို့ဝှက်ချက်သိရ

ဘောလိဝုဒ်ဝါရင့်မင်းသမီး ကြီး ရာဗီနားနှင့် သမီးဖြစ်သူ Azad မင်းသမီး ရာရှားတို့ Paris Fashion Week တွင် မြင်တွေ့ခဲ့ ရာ အမေက သမီးထက် ပိုချော နေသည့် လျှို့ဝှက်ချက်ရှိသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော် ပြသည်။

၅၀ ပြည့်နှစ်တွင် ခေတ်မင်း သမီးချော ရာဗီနားမှာ သမီးဖြစ်သူ ရာရှားနှင့် နှစ်ဦးသားဖက်ရှင် ပွဲတက်ရောက်လာခဲ့ရာ အသက် ကြီးပြီဖြစ်သော်လည်း သမီးထက် ပို၍ ဖက်ရှင်စတိုင်လ် ကျနစွာ ချောမောလှပ လန်းဆန်းနေသည် ကို တွေ့ကြရသည်မှာ ယောဂ ကျင့်စဉ်၏ လျှို့ဝှက်ချက်ကြောင့် ဖြစ်သည်ဟု ပြောကြားသွားခဲ့ သည်။

**(SKY)**

## ပြည်ပမှတင်သွင်းသော သံမဏိနှင့် အလူမီနီယမ်များအပေါ် အကောက်ခွန်ကို ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်မည်



**ဝါရှင်တန် ဇွန် ၁**

ပြည်ပမှတင်သွင်းသော သံမဏိနှင့် အလူမီနီယမ်များအပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းထားကို ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က မေ ၃၀ ရက်တွင် ကြေညာခဲ့ပြီး ကမ္ဘာ့သံမဏိထုတ်လုပ်ရေးလုပ်ငန်းများအပေါ် ဖိအားမြှင့်တင်လိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

"ကျွန်တော်တို့က ၂၅ ရာခိုင်နှုန်းတိုးမြှင့်မယ်။ အမေရိကန်ပြည်ထောင်စုထဲကို သွင်းတဲ့ သံမဏိအကောက်ခွန်ကို ၂၅ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်မှာဖြစ်ပါတယ်။ ဒါက အမေရိကန်ရဲ့ သံမဏိလုပ်ငန်းကို ပိုမိုလုံခြုံစေပါလိမ့်မယ်" ဟု ၄င်းက ပင်ဆယ်လ်ဗေးနီးယားပြည်နယ်ရှိ ရွေ့လျားဟောပြောပွဲတစ်ခုတွင် ပြောကြားခြင်းဖြစ်သည်။

သံမဏိနှင့် အလူမီနီယမ်အကောက်ခွန်နှုန်းများ နှစ်ဆတိုးမြှင့်မှုသည် ထရမ့်၏ ကမ္ဘာ့ကုန်သွယ်ရေးစစ်ပွဲကို ပိုမိုပြင်းထန်လာစေပြီး သူက တရုတ်နိုင်ငံအား အမေရိကန်နှင့် ပြုလုပ်ထားသည့် သဘောတူညီချက်ကို ချိုးဖောက်ကာ အရေးပါသောသတ္တုများအတွက် အကောက်ခွန်နှင့် ကုန်သွယ်ရေးကန့်သတ်ချက်များကို အပြန်အလှန်ရုပ်သိမ်းပြီးနောက် နာရီပိုင်းအတွင်း ဖြစ်ပွားခဲ့သည်။

အဆိုပါ ၁၄ ဒသမ ၉ ဘီလီယံတန်ကြေးသတ်မှတ်ချက်သည် အကောက်ခွန်နှုန်းတိုးမြှင့်ခြင်းကဲ့သို့ပင် အမေရိကန်ရှိ သံမဏိလုပ်သားများ၏ အလုပ်အကိုင်များကို ဆက်လက်ထိန်းသိမ်းရန် အထောက်အကူဖြစ်စေမည်ဟု ထရမ့်က ထောက်ပြပြောကြားခဲ့ကြောင်း သိရသည်။ **Mon**

## ဂျပန်နိုင်ငံ၌ ယမန်နှစ်တွင် လုပ်ငန်းခွင်မတော်တဆမှုကြောင့် နိုင်ငံခြားလုပ်သား ၆၀၀၀ ကျော် ထိခိုက်ဒဏ်ရာရ

**တိုကျို ဇွန် ၁**

၂၀၂၄ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း လုပ်ငန်းခွင်မတော်တဆမှုကြောင့် နိုင်ငံခြားလုပ်သား ၆၀၀၀ ကျော် ထိခိုက်ဒဏ်ရာရမှုဖြစ်ပွားခဲ့သည်ဟု ဂျပန်အစိုးရ စစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။ ယင်းကဲ့သို့ နိုင်ငံခြားလုပ်သား ထိခိုက်သေဆုံးမှုမှာ ၁၃ နှစ်ဆက်တိုက် မြင့်တက်လာခြင်းဖြစ်သည်။

ယမန်နှစ်က လုပ်ငန်းခွင်မတော်တဆမှုကြောင့် နိုင်ငံခြားလုပ်သား ၃၉ ဦး သေဆုံးကြောင်း အလုပ်သမားဝန်ကြီးဌာနက ပြောသည်။ ထို့ပြင် သေဆုံးသူများအပါအဝင် နိုင်ငံခြားသားများအနက် ထိခိုက်ဒဏ်ရာရရှိသူ ပေါင်း ၆၂၄၄ ဦးရှိကြောင်း သိရသည်။ အဆိုပါ အရေအတွက်မှာ ယခင်နှစ်ကထက် ၅၇၂ ဦး တိုးပြီး ၁၃ နှစ်ဆက်တိုက်မြင့်တက်လာခြင်းဖြစ်သည်။ ဂျပန်လူမျိုးများအပါအဝင် ဂျပန်နိုင်ငံရှိ အလုပ်လုပ်ကိုင်သူ အယောက် ၁၀၀၀ တွင် လုပ်ငန်းခွင်မတော်တဆမှုကြောင့် ထိခိုက်သေဆုံးသူအရေအတွက်မှာ ၂ ဒသမ ၃ ယောက်နှုန်းရှိသည်ဟု ဆိုသည်။ မတော်တဆမှု ဖြစ်ပွားရသည့် အကြောင်းရင်းများမှာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတွေ့အကြုံနည်းပါးခြင်း၊ ဆက်သွယ်မှုအားနည်းခြင်းနှင့် ဘာသာစကားအခက်အခဲရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောသည်။

ထို့ပြင် လုပ်ငန်းခွင်အန္တရာယ်များနှင့်ပတ်သက်ပြီး ပညာပေးသင်ထောက်ကူပစ္စည်းများ အသုံးပြုကာ နိုင်ငံခြားသားလုပ်သားများအား ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းပို့ချပေးရန် အဆိုပါ ဝန်ကြီးဌာနက ကုမ္ပဏီများကို တိုက်တွန်းထားသည်။ ပြီးခဲ့သည့် အောက်တိုဘာလကုန်အထိ ဂျပန်နိုင်ငံတွင် အလုပ်လုပ်သော နိုင်ငံခြား လုပ်သားအရေအတွက်မှာ စံချိန်တင် ၂ ဒသမ ၃ သန်းကျော်ရှိကြောင်း အလုပ်သမားဝန်ကြီးဌာနက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဘရူနိုင်းစုလတန် ဟာဆနယ်ဘော်လ်ကီယား ဆေးရုံမှဆင်းပြီး ကွာလာလမ်ပူမြို့တော်၌ ရက်အနည်းငယ်ကြာ ထပ်မံနေထိုင်မည်



**ကွာလာလမ်ပူ ဇွန် ၁**

ဘရူနိုင်းစုလတန် ဟာဆနယ် ဘော်လ်ကီယားသည် ဆေးရုံမှဆင်းခွင့်ရပြီး အနားယူရန် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်၌ ရက်အနည်းငယ်ကြာ ထပ်မံနေထိုင်ဦးမည်ဖြစ်ကြောင်း ၄င်း၏ ရုံးခန်းက မေ ၃၁ ရက်တွင် အတည်ပြုကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

စုလတန် ဟာဆနယ် အားနည်းနေသည့် အခြေအနေကြောင့် မေ ၂၈ ရက်တွင် ကွာလာလမ်ပူမြို့တော်ရှိ ဆေးရုံတစ်ခုတွင် တက်ရောက်ကုသမှု ခံယူခဲ့ရသော်လည်း ကမ္ဘာ့အကြာရှည်ဆုံးနန်းစံသည့် မိမိတို့ဘုရင်သည် ကျန်းမာရေး ကောင်းမွန်နေသည်ဟုသာ ၄င်း၏ရုံးခန်းက သတင်းထုတ်ပြန်ခဲ့သည်။

သခင် စုလတန် ဟာဆနယ် ဘော်လ်ကီယား "အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတင်ပါသည်၊ ကွာလာလမ်ပူရှိ အမျိုးသားနှလုံးသိပ္ပံဆေးရုံတွင် ရက်အနည်းငယ် အနားယူပြီးနောက် ဂရန်ဟိုက်တ်ဟိုတယ်သို့ ပြန်လည်ရောက်ရှိပါပြီ" ဟု ၄င်း၏ ရုံးခန်းက အင်စတာဂရမ်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။ **Mon**

## ဂါဇာကမ်းမြောင်ဒေသမှ အရပ်သားလူအုပ်ကြီးများက ထောက်ပံ့ရေးယာဉ်တန်းများရှိရာသို့ တိုးဝှေ့ရောက်ရှိလာခဲ့

**ဂျေရုဆလင် ဇွန် ၁**

ဂါဇာကမ်းမြောင်ဒေသမှ အရပ်သား လူအုပ်ကြီးများက ထောက်ပံ့ရေးယာဉ်တန်းများရှိရာသို့ အတင်းတိုးဝှေ့ရောက်ရှိလာခဲ့ရာ ရှုပ်ထွေးသောမြင်ကွင်းများ ဖြစ်ပေါ်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အရ လူသားချင်းစာနာထောက်ထားရေးအဖွဲ့အစည်းများက ဂါဇာသို့ ဂျုံမှုန့်တင်ဆောင်သည့် ယာဉ် ၇၇ စီးကို ညအချိန်နှင့် ယမန်နေ့နံနက်စောစောတွင် သယ်ဆောင်လာခဲ့ကြသည်။ ယာဉ်အားလုံးသည် လမ်းတစ်လျှောက်တွင် ရပ်တန့်ခဲ့ရပြီး အစားအစာများကို မိသားစုများအား ကျွေးမွေးရန် ကြိုးစားနေသော ဆာလောင်နေသည့်လူများက တင်ဆောင်လာသောရိက္ခာများကို ယူဆောင်သွားခဲ့ကြသည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ပြောခွင့်ရသူက ထုတ်ဖော်ပြောကြားသည်။

အစ္စရေးက မေ ၁၉ ရက်တွင် ၁၁ ပတ်ကြာ အကူအညီပိတ်ဆို့မှုကို လျှော့ချခဲ့သော်လည်း ကုလသမဂ္ဂက ပြီးခဲ့သည့်အပတ်အတွင်း ပို့ဆောင်ပေးခဲ့သည့် အထောက်အပံ့ပမာဏသည် လိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်းကျော်သာရှိကြောင်း သိရသည်။ **Mon**

## နိုင်ငံတကာသတင်းတိုများ

### နှစ်လအတွင်း ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ အာဖဂန်ဒုက္ခသည်ငါးသိန်း နေရပ်ပြန်

ဧပြီလနှင့် မေလအတွင်း အိမ်နီးချင်းပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ အာဖဂန်နစ္စတန်နိုင်ငံသို့ အာဖဂန်ဒုက္ခသည်ပေါင်း ငါးသိန်းကျော် နေရပ်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(ယူအင်န်အိတ်ချ်စီအာ)က ထုတ်ပြန်သည်။ ပြီးခဲ့သည့် နှစ်အတွင်း အိမ်နီးချင်း ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ အာဖဂန်နိုင်ငံသား နှစ်သန်းကျော် နေရပ်ပြန်ရောက်လာခဲ့သည်ဟု ဆိုသည်။ **ဆင်ဟွာ**

### အစ္စရေးက လက်ဘနွန်တောင်ပိုင်းကို လေကြောင်းတိုက်ခိုက်

အစ္စရေးက လက်ဘနွန်နိုင်ငံတောင်ပိုင်းကို ဇွန် ၁ ရက်တွင် လေကြောင်းတိုက်ခိုက်မှုနှစ်ကြိမ်ပြုလုပ်ခဲ့ရာ ဟစ်ဇ်ဘိုလာအဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အရပ်သား တစ်ဦးဒဏ်ရာရခဲ့သည်ဟု လက်ဘနွန်သတင်းအရင်းအမြစ်များအရ သိရသည်။ **ဆင်ဟွာ**

### သီရိလင်္ကာ၌ လူပေါင်း ၁၀၀၀၀ ကျော် ဘေးဒဏ်သင့်

သီရိလင်္ကာနိုင်ငံရှိ ခရိုင် ၁၄ ခုတွင် ဇွန် ၁ ရက် နံနက်ပိုင်းအထိ ပြင်းထန်သော ရာသီဥတုဒဏ်ကိုလူပေါင်း ၁၀၀၀၀ ကျော် ခံစားခဲ့ရကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာန ဒီအမ်စီက ပြောကြားသည်။ ရာသီဥတုဆိုးရွားမှုဒဏ်ကြောင့် ၁၉ ဦး ဒဏ်ရာရရှိခဲ့ပြီး နေအိမ်ပေါင်း ၂၇၁၁ လုံး ပျက်စီးခဲ့ရသည်။ **ဆင်ဟွာ**

## နိုင်ဂျီးရီးယားနိုင်ငံ အလယ်ပိုင်းဒေသများတွင် ရေကြီးမှုများဖြစ်ပွားပြီး လူ ၁၅၀ ကျော်သေဆုံး

**အဘူဂျာ ဇွန် ၁**

နိုင်ဂျီးရီးယားနိုင်ငံ အလယ်ပိုင်းဒေသများတွင် မကြာသေးမီက ရေကြီးမှုများဖြစ်ပွားပြီးနောက် လူ ၁၅၀ ကျော်သေဆုံးကာ ထောင်နှင့်ချီသောလူများ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် နိုင်ဂျီးယားပြည်နယ်ရှိ နယ်မြို့တစ်မြို့ဖြစ်သော မိုက်ဝါမြို့တွင် ရေကြီးမှုများဖြစ်ပွားခဲ့သည်။ မေ ၃၁ရက်က မိုက်ဝါမြို့မှ ၁၀ ကီလိုမီတာ (၆ မိုင်) အကွာတွင် ရေကြီးမှုကြောင့် သေဆုံးသူအရေအတွက် ၁၅၁ ဦး အထိရှိခဲ့ကြောင်း နိုင်ဂျီးယားပြည်နယ် အရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

လူပေါင်း ၃၀၁၈ ဦးထက်မနည်း အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရပြီး အိမ်ခြေ ၂၆၅ လုံး ပျက်စီးသွားကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။ ထို့ပြင် တောကောင်များစွာလည်း နိုင်ဂျာမြစ်အတွင်းသို့ ရေစီးနှင့်မျောပါသွားခဲ့ကြောင်း သိရသည်။ **Mon**

## ဘီးတစ်ဘီးပြုတ်ထွက်ကျသွားသည့် ကုန်တင်ယာဉ်မှ ပျားကောင်ရေသန်းပေါင်းများစွာ ထွက်ပြေးလွတ်မြောက်သွား

**ဝါရှင်တန် ဇွန် ၁**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ်တွင် မေ ၃၀ ရက်က ဘီးတစ်ဘီးပြုတ်ထွက်သွားသည့် ကုန်တင်ယာဉ်မှ ပျားကောင်ရေသန်းပေါင်းများစွာ ထွက်ပြေးလွတ်မြောက်သွားပြီး အာဏာပိုင်များက လူထုအား ပျားကောင်များကို ရှောင်ရှားရန် သတိပေးချက်များ ထုတ်ပြန်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။



ကနေဒါနယ်စပ်အနီးရှိ လမ်းပေါ်တွင် ပျားအုံအလေးချိန် ပေါင် ၇၀,၀၀၀ (၃၁,၇၅၀ ကီလိုဂရမ်) ခန့်ကို သယ်ဆောင်နေသည့် ကုန်တင်ယာဉ် နောက်ပြန်လဲကျပြီးနောက် အရေးပေါ်အရာရှိများအား ပျားမွေးမြူရေးကျွမ်းကျင်သူများစွာက ကူညီခဲ့သည်။

အာဏာပိုင်များက ယာဉ်မတော်တဆမှုဖြစ်ရာနေရာကို "ကယ်ဆယ်ရေးလုပ်ငန်းစဉ် ပြီးဆုံးသည်အထိ" ပိတ်ထားမည်ဟု ပြောကြားခဲ့သည်။ ပျားများလွတ်မြောက်ပြီး အုံဖွဲ့နိုင်သည့် အန္တရာယ်ကြောင့် လူများအား "ထိုနေရာကို ရှောင်ရှားရန်" တိုက်တွန်းခဲ့ပြီး ပျားကောင်ရေ သန်း ၂၅၀ ခန့် လွတ်မြောက်သွားသည်ဟု အစောပိုင်းတွင် ထိုနယ်ထိန်းရုံးက အတည်ပြုသည်။

သို့သော် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်နေသည့် ပျားမွေးမြူရေးသမားတစ်ဦးထံမှ အချက်အလက်များရရှိပြီးနောက် ပိုမိုတိကျသည့် ပျားကောင်ရေမှာ ၁၄ သန်းခန့်သာ ရှိကြောင်း ပြန်လည်ပြောကြားခဲ့သည်။ ပျားများအား ပျားအုံသစ်များတွင် ပြန်လည်နေရာချပေးပြီး ပျားဘုရင်မကို ရှာဖွေရန် ဆက်လက်စီစဉ်လျက်ရှိကြောင်း သိရသည်။ **Mon**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရေပြင်ရှာဖွေကယ်ဆယ်ရေး စုဖွဲ့ဇာတ်တိုက်လေ့ကျင့်မှုသင်တန်း ဖွင့်လှစ်

**တပ်ကုန်း ဇွန် ၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊တပ်ကုန်းမြို့နယ်တွင် နေပြည်တော်ကောင်စီ၏ ဦးဆောင်မှုဖြင့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ ရေပြင်ရှာဖွေကယ်ဆယ်ရေး စုဖွဲ့ဇာတ်တိုက် လေ့ကျင့်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူက သင်တန်းသားများ လက်တွေ့ သင်ကြားပို့ချသော ပညာရပ်များကို တတ်သိကျွမ်းကျင်အောင် လေ့လာသင်ယူကြရေး၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့လာခဲ့လျှင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ပြီး ပြည်သူများ၏ အကျိုးကိုသယ်ပိုးဆောင်ရွက်ရေး အတွက်ပြောကြားပြီး မြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယမီးသတ် ဦးစီးမှူး ဦးသော်ခန့်ဝေက သင်တန်းစည်းကမ်းချက်များ ရှင်းလင်းပြောကြားကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်း ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။



သင်တန်းသို့ သင်တန်းသား ၃၅ ဦး တက်ရောက်ပြီး မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်၊ ဒုတိယ မီးသတ်ဦးစီးမှူးနှင့် ရေပြင်နည်းပြ (ပြင်ပ)မှ သင်တန်းနည်းပြများက ရေပြင်အသက်ကယ်နည်းစနစ်နှင့် လှေတက်ကိုင်စနစ်၊ စက်လှေ မောင်းနည်းစနစ်ပညာရပ်များကို မေ ၂၈ ရက်မှ ၃၁ ရက်အထိ ဆရာစံရပ်ကွက်၊ အောင်းကြီးကန် အတွင်း စုဖွဲ့ဇာတ်တိုက်လေ့ကျင့် သင်ကြားပေးခဲ့ကြောင်း မြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



## ပခုက္ကူမြို့၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင် ပြသ

**ပခုက္ကူ ဇွန် ၁**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ မေ ၂၇ ရက် နံနက် ၁၀နာရီက ကလေးအလုပ်သမားပပျောက်ရေး ဆိုင်ရာ အသိပညာပေးနံရံကပ် စာစောင်ပြသသည်။

အဆိုပါ အသိပညာပေး နံရံကပ်စာစောင်တွင် ကလေး အလုပ်သမား၏အဓိပ္ပာယ်၊ကလေး အလုပ်သမား၏ အသက်အရွယ် နှင့် အလုပ်ချိန်သတ်မှတ်ချက် များ၊ ကလေးအလုပ်သမားများ၏ အခွင့်အရေးနှင့် ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ အလုပ်ဌာနများ ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာအမျိုးသား အဆင့်လုပ်ငန်းစီမံချက်များနှင့် ရည်မှန်းချက်များ၊ အဆိုးရွားဆုံး ပုံစံဖြင့် အလုပ်ခိုင်းစေသူများအား အရေးယူ အပြစ်ပေးနိုင်သည့် ပြစ်မှုနှင့် ပြစ်ဒဏ်များပါဝင်သည့် စာသား၊ ဆောင်းပါး၊ ကဗျာ၊ ရုပ်ပြကာတွန်းများကို စနစ်တကျ ပြသရာ ပြည်သူများက စိတ်ပါဝင် စားစွာ လေ့လာဖတ်ရှုကြကြောင်း သိရသည်။

(အပေါ်ပုံ)(၃၄၀)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## တာချီလိတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁**

မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ မေ ၂၇ ရက် နံနက် ၁၀နာရီ ၁၅ မိနစ်က တာချီလိတ်မြို့နယ်၊ ဝမ်လုံးကျေးရွာအုပ်စု၊ လွယ်စတုံ (အောက်)ကျေးရွာအနီး၌ ယေရမိ နှင့် လုကာတို့ စီးနင်းမောင်းနှင် လာသည့် မော်တော်ဆိုင်ကယ်များ အား ရပ်တန့်စစ်ဆေး ရှာဖွေရာ လုကာမှာ ဆိုင်ကယ်အားလှဲချ ထွက်ပြေးသွားပြီး ၄င်းတို့စီးနင်း လာသည့် ဆိုင်ကယ်များဖြင့် သယ်ဆောင်လာသည့် စိတ်ကြွ ရူးသွပ်ဆေးပြား ၅၀၀,၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ယေရမိ (၁၉) နှစ်နှင့် လုကာတို့ အား ဟောင်လိတ်နယ်မြေရဲစခန်း တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူ ထားပြီး ကွင်းဆက်များကို ဖော် ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## သာစည်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁**

မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့ သည် မေ ၂၆ ရက် ည ၁၁ နာရီ ၄၅ မိနစ်က သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေး ရှာဖွေစဉ် တောင်ကြီးမှ ရန်ကုန်သို့ မောင်းနှင်လာသည့် YUTONG အမျိုးအစား ခရီးသည်တင် EX-PRESS ယာဉ်ပေါ်ပါ ခရီးသည် မနန်းအေးဟွမ်၊ မနန်းရွှေပွင့်(ခ) မခမ်းမော်၊မမိုးပွင့်ဖြူ(ခ)ယွန်းယွန်း၊ မနန်းအေးအိနှင့် စိုင်းအိုက်ရွှေ အောင်တို့ထံမှ စိတ်ကြွရူးသွပ်ဆေး ပြား ၁၀၀,၀၀၀ နှင့် လက်ကိုင် ဖုန်း သုံးလုံးတို့အား တွေ့ရှိသိမ်း ဆည်းရမိခဲ့သဖြင့် မနန်းအေးဟွမ် (၃၇)နှစ်၊ မနန်းရွှေပွင့်(ခ)မခမ်း မော်(၄၅)နှစ်၊ မမိုးပွင့်ဖြူ(ခ)ယွန်း ယွန်း(၃၃)နှစ်၊ မနန်းအေးအိ(၄၁) နှစ်နှင့် စိုင်းအိုက်ရွှေအောင်(၄၅) နှစ်တို့အား သာစည်မြို့မရဲစခန်း တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထား ပြီး ကွင်းဆက်ပြစ်မှုကျူးလွန် သူများကို ဆက်လက်ဖော်ထုတ် လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## ကလော - အောင်ပန်းကားလမ်းတွင် ဆီဘောက်ဆာယာဉ် တိမ်းမှောက်မှု ဖြစ်ပွား

**တောင်ကြီး ဇွန် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ကလော-အောင်ပန်းသွားကား လမ်း၊ မိုင်တိုင်အမှတ်(၇၇/၁)နှင့် (၇၇/၂)ကြား၊ ပြည်ထောင်စု လမ်းမကြီးတွင် ဆီဘောက်ဆာတွဲ ယာဉ် တိမ်းမှောက်မှု မေ ၂၇ရက် ညနေ ၄ နာရီဝန်းကျင်က ဖြစ်ပွား ခဲ့သည်။

အခင်းဖြစ်နေရာသို့ ကလော မြို့နယ် မီးသတ်စခန်းမှ မီးသတ် ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များသည် မီး ငြိမ်းသတ်ယာဉ်တစ်စီး၊အောင်ပန်း မြို့နယ်မီးသတ်စခန်းမှ ဦးစီးအရာရှိ နှင့် တပ်ဖွဲ့ဝင်များသည် မီးငြိမ်း သတ်ယာဉ် တစ်စီးဖြင့် မီးလောင်မှု မဖြစ်ပွားစေရေးအတွက် အအေး ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ ကြပြီး ထိခိုက်ဒဏ်ရာရရှိသူ ယာဉ် မောင်းအား အောင်ပန်းတိုက်နယ် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြ ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၇)

### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှစီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

# နိုင်ငံတကာ အားကစား သတင်းများ



## ဂျွန်နီအီဗန် ဘောလုံးကစားသမားဘဝမှ အနားယူ

**လန်ဒန် ဇွန် ၁**

မန်ချက်စတာယူနိုက်တက် အသင်းနှင့် မြောက်အိုင်ယာလန် အသင်း နောက်ခံကစားသမား ဟောင်း ဂျွန်နီအီဗန် ကစားသမား ဘဝမှ အနားယူပြီဖြစ်ကြောင်း အတည်ပြု ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစား သမားသည် ကစားသမားဘဝ တစ်လျှောက်တွင် မန်ချက်စတာ ယူနိုက်တက်၊ ဆန်းဒါးလန်း၊ ဝက်စ်ဘရွန်း၊ လက်စတာစီးတီး တို့တွင်ကစားခဲ့ပြီး ချန်ပီယံလိဂ် တစ်ကြိမ်၊ ပရီးမီးယားလိဂ် သုံး ကြိမ်၊ အက်ဖ်အေဖလား တစ် ကြိမ်၊ ကာရာဘောင်ဖလား နှစ် ကြိမ်၊ ကွန်မြူနတီဒိုင်း လေးကြိမ်၊ ကလပ်ကမ္ဘာ့ဖလား တစ်ကြိမ် တို့ကို ဆွတ်ခူးနိုင်ခဲ့သလို နိုင်ငံ့ လက်ရွေးစင်အသင်းဖြစ်သည့် မြောက်အိုင်ယာလန်အသင်းနှင့် လည်း ၂၀၀၆ မှ ၂၀၂၄ ခုနှစ် အတွင်း ပြိုင်ပွဲပေါင်း ၁၀၇ ပွဲ ကစားကာ ၆ဂိုးအထိ သွင်းယူနိုင် ခဲ့သည်။

အသက်(၃၇)နှစ်အရွယ်ရှိ ဂျွန်နီအီဗန်က "ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနား ယူပါပြီ။ ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ် ရနေမှာပါ။ ကျွန်တော့်ကို အား ပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်း ကိုလည်း အထူးကျေးဇူးတင်ပါ တယ်"ဟု ပြောသည်။

(အပေါ်ပုံ)
(NGB)

## ရင်းဒါးစ်ကိုခေါ်ယူရန် မန်ချက်စတာစီးတီးအသင်း ဆွေးနွေး

**မန်ချက်စတာ ဇွန် ၁**

မန်ချက်စတာစီးတီးအသင်း သည် အေစီမီလန်အသင်း ကွင်း လယ်ကစားသမား ရင်းဒါးစ်ကို ခေါ်ယူရန် ဆွေးနွေးလျက်ရှိ သည်။

အသက်(၂၆)နှစ်အရွယ် ရှိ ကွင်းလယ်ကစားသမားသည် အေစီမီလန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၄ ပွဲကစားပြီး ၁၉ဂိုး သွင်းယူ ကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာစီးတီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။



အေစီမီလန်အသင်းကလည်း ရင်းဒါးစ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိ ပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် မန်ချက်စတာစီး တီးအသင်းအနေဖြင့် နွေရာသီ ဈေးကွက်အတွင်းတွင် အေစီမီ လန်အသင်းထံမှ ရင်းဒါးစ် ကို ခေါ်ယူသွားနိုင်မည်လားဆိုသည် မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့် ရမည် ဖြစ်သည်။

(အပေါ်ပုံ)(NGB)

## ဟိုက်တင်ဂါအား နည်းပြသစ်အဖြစ် အေဂျက်စ်အသင်း ခန့်အပ်

**လန်ဒန် ဇွန် ၁**

အေဂျက်စ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် အသင်း ကစားသမားဟောင်းဖြစ်ခဲ့ဖူးသူ နည်းပြ ဟိုက်တင်ဂါအား နှစ်နှစ် စာချုပ် ချုပ်ဆိုကာ ခန့်အပ်ခဲ့ ကြောင်း အတည်ပြုကြေညာခဲ့ သည်။

အဆိုပါ နည်းပြသည် ၂၀၀၁ ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ အေဂျက်စ် အသင်းနှင့်အတူ ကစားသမားဘဝ ကိုဖြတ်သန်းခဲ့ဖူးပြီး ဆုဖလား ကိုး လုံးအထိ ရယူနိုင်ခဲ့သည်။

အသက်(၄၁)နှစ်အရွယ်ရှိ ဟိုက်တင်ဂါက "ကျွန်တော် အခု လို အေဂျက်စ်အသင်းရဲ့ နည်းပြ အဖြစ်ခန့်အပ်ခြင်းခံရလို့ အတိုင်း မသိ ပျော်ရွှင်မိပါတယ်။ကျွန်တော့် ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ် ခဲ့တဲ့အတွက် အသင်းတာဝန်ရှိသူ အားလုံးကိုလည်း အထူးကျေးဇူး တင်ပါတယ်။ အေဂျက်စ်အသင်း အောင်မြင်ဖို့ အစွမ်းကုန်ကြိုးစား သွားမှာပါ"ဟု ပြောသည်။

ထို့ကြောင့် နည်းပြ ဟိုက် တင်ဂါအနေဖြင့် ကစားသမား ဘဝကအတိုင်း နည်းပြဘဝတွင် လည်း အေဂျက်စ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည် လားဆိုသည်မှာ စောင့်ကြည့်ရ မည် ဖြစ်သည်။

(အောက်ပုံ)(NGB)





## ဖရင်ပေါင် လီဗာပူးအသင်းတွင် ကျောနံပါတ်(၃၀)ဂျာစီ ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဇွန် ၁**

နောက်ခံကစားသမားသစ် ဖရင်ပေါင်သည် လီဗာပူးအသင်း တွင် ကျောနံပါတ် (၃၀)ဂျာစီ ဝတ်ဆင်ကစားသွားမည် ဖြစ် သည်။

အဆိုပါ နောက်ခံကစား သမားသည် လေဗာကူဆင် အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၃၅သန်း ဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုကာ ရောက်ရှိလာခြင်း ဖြစ်သည်။

နောက်ခံကစားသမား ဖရင် ပေါင်သည် လေဗာကူဆင်အသင်း နှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင် ပွဲစုံပွဲ ၁၉၀ကစားပြီး ဂိုး ၃၀အထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်း ကြောင့် လီဗာပူးအသင်းက ခေါ် ယူခဲ့ခြင်း ဖြစ်သည်။ (ဝဲပုံ)

အသက်(၂၄)နှစ်အရွယ်ရှိ ဖရင်ပေါင်က "ကျွန်တော် လီဗာ ပူးအသင်းမှာ ကျောနံပါတ်(၃၀) ဂျာစီကို ဝတ်ဆင်ကစားသွားမှာ ပါ။ ပရီးမီးယားလိဂ်မှာ ကစား ချင်တဲ့ ကျွန်တော်ရဲ့ အိပ်မက်တွေ လည်း ပြီးပြည့်စုံခဲ့ပါပြီ။ လီဗာ ပူးအသင်းနဲ့အတူ ပွဲထွက်ကစား ဖို့ မစောင့်နိုင်လောက်အောင်ပါ ပဲ"ဟု ပြောသည်။ (NGB)

## နည်းပြ ပယ်လာဒီနို ဖီအိုရင်တီးနားအသင်းနည်းပြရာထူးမှ နုတ်ထွက်

**လန်ဒန် ဇွန် ၁**

နည်းပြ ပယ်လာဒီနိုက မိမိ အနေဖြင့် ဖီအိုရင်တီးနားအသင်း နည်းပြရာထူးမှ နုတ်ထွက်ခဲ့ပြီ ဖြစ်ကြောင်း အတည်ပြု ပြော ကြားခဲ့သည်။

အဆိုပါ နည်းပြသည် အားကစားဒါရိုက်တာ ပရာဒီနှင့် အချင်းများပြီးနောက် ဖီအိုရင်တီး နားအသင်းနည်းပြရာထူးမှ နုတ် ထွက်ခဲ့ခြင်း ဖြစ်သည်။



နည်းပြ ပယ်လာဒီနိုသည် ဖီအိုရင်တီးနားအသင်းကို ၂၀၂၄ ခုနှစ် ဇွန် ၄ရက်က စတင်ကိုင် တွယ်ပြီး ပြိုင်ပွဲ ၅၃ပွဲတွင် ၂၅ပွဲ နိုင်၊ ၁၄ပွဲသရေ၊ ၁၄ပွဲရှုံး ရလဒ် ပိုင်ဆိုင်ထားသည်။

အသက်(၄၁)နှစ်အရွယ်ရှိ နည်းပြ ပယ်လာဒီနိုက "ကျွန်တော် ဖီအိုရင်တီးနားအသင်း နည်းပြ ရာထူးမှ နုတ်ထွက်ခဲ့ပါပြီ။ ဖီအို ရင်တီးနားအသင်းအနေနဲ့လည်း အနာဂတ်မှာ အောင်မြင်မှုများရရှိ ပါစေလို့ တောင်းဆုပြုပါတယ်" ဟု ပြောသည်။

(ဝဲပုံ)(NGB)

## ဘာကိုလာ၏ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၄၂သန်းအဖြစ် ပီအက်စ်ဂျီအသင်း သတ်မှတ်

**ပါရီ ဇွန် ၁**

ပီအက်စ်ဂျီအသင်းသည် အသင်း တိုက်စစ်မှူး ဘာကိုလာ ၏ ပြောင်းရွှေ့ကြေးကို စတာ လင်ပေါင် ၄၂သန်းအဖြစ် သတ် မှတ်လိုက်ပြီ ဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် အာဆင်နယ်၊ နယူးကာဆယ်နှင့် စပါးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး ဘာကိုလာ သည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၆ ပွဲ ကစားပြီး ၂၇ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ပီအက်စ်ဂျီအသင်းကလည်း ဘာကိုလာအတွက် ၎င်းတို့ သတ်မှတ်ထားသည့် ပြောင်းရွှေ့ ကြေးအတိုင်းပေးချေမည့် မည် သည့်အသင်းကိုမဆို ရောင်းချ သွားမည် ဖြစ်သည်။

ထို့ကြောင့် အာဆင်နယ်၊ နယူးကာဆယ်နှင့် စပါးအသင်းတို့ အနေဖြင့် နွေရာသီဈေးကွက် အတွင်းတွင် ပီအက်စ်ဂျီအသင်း ထံမှ ဘာကိုလာအား မည်သည့် အသင်းက ခေါ်ယူသွားနိုင်မည် လည်းဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(ယာပုံ)(NGB)



## 2025 Roland Garros တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ Carlos Alcaraz တက်ရောက်

**ပဲရစ် ဇွန် ၁**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့ တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ် သည့် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့ သည်။

အဆိုပါ စပိန်တင်းနစ် ကစားသမား Carlos Alcaraz သည် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ တတိယအဆင့် တွင် ဘော့စနီးယားတင်းနစ်ကစား သမား Damir Dzumhur အား ၆-၁၊ ၆-၃၊ ၄-၆၊ ၆-၄ ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့် သို့တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2025 Roland Garros တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် အမေရိကန်တင်းနစ် ကစားသမား Ben Shelton တို့ ယှဉ်ပြိုင်ကစားသွားရမည် ဖြစ် သည်။ (အပေါ်ပုံ)(NGB)



## ကမ္ဘာတစ်ဝန်းတန်ဖိုးအမြင့်ဆုံး ဘောလုံးအသင်းစာရင်းတွင် ရီးရဲလ်မက်ဒရစ်အသင်း ထိပ်ဆုံး၌ရပ်တည်

**မက်ဒရစ် ဇွန် ၁**

ကမ္ဘာတစ်ဝန်း တန်ဖိုးအမြင့် ဆုံး ဘောလုံးအသင်းစာရင်းတွင် စပိန်လာလီဂါကလပ် ရီးရဲလ် မက်ဒရစ်အသင်းက တန်ဖိုးငွေ ယူရို ခြောက်ဘီလီယံကျော်ဖြင့် ထိပ်ဆုံးတွင်ရပ်တည်ခဲ့ကြောင်း ကမ္ဘာလုံးဆိုင်ရာ အကြံပေးဝန် ဆောင်မှုများလုပ်ဆောင်နေသည့် Football Benchmark က ထုတ်ပြန်ကြေညာခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ကမ္ဘာ့တစ်ဝန်း တန်ဖိုးအမြင့်ဆုံး ဘောလုံးအသင်းစာရင်း၏ထိပ်ဆုံး နေရာတွင် နှစ်နှစ်ဆက်တိုက် ရပ် တည်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ အကြံပေး ဝန်ဆောင်မှုများလုပ်ဆောင်နေ သည့် Football Benchmark ၏ ထုတ်ပြန်ချက်အရ ရီးရဲလ် မက်ဒရစ်အသင်းက ထိပ်ဆုံးနေ ရာတွင် ရပ်တည်ပြီး ၎င်းနောက် တွင် မန်ချက်စတာစီးတီး၊ မန်ချက်စတာယူနိုက်တက်၊ ဘာစီ လိုနာ၊ ဘိုင်ယန်မြူးနစ်၊ လီဗာပူး၊ အာဆင်နယ်၊ ပီအက်စ်ဂျီ၊ စပါး၊ ချဲလ်ဆီးအသင်းတို့ အသီးသီး ရပ် တည်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(NGB)



# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ပြန်လည်ဖော်ထုတ်ဆယ်ယူခဲ့သည့် ရှေးဟောင်းရေကန်များ ကန်ပြည့်သည်အထိ ရေဝင်ရောက်မှု များပြား



**ညောင်ဦး ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် မိုးရွာသွန်းမှုများခြင်းနှင့်အတူ ပြန်လည်ဖော်ထုတ်ဆယ်ယူခဲ့သည့် ပုဂံခေတ်ရေကန်များ ရေပြည့်ရေလျှံသည်အထိ ရေများဝင်ရောက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ တာဝန်ရှိသူများထံမှ သိရသည်။

ညောင်ဦးမြို့နယ်၌ မိုးရွာသွန်းမှုကောင်းခြင်းနှင့်အတူ ဧပြီလနှင့် မေလအတွင်း ရွာသွန်းခဲ့သည့် မိုးရေချိန်များကြောင့် ပြန်လည်ဖော်ထုတ်ဆယ်ယူခဲ့သည့် ပုဂံခေတ်ရေကန်များအတွင်း ရေဝင်ရောက်မှု များပြားခဲ့ကြောင်း၊ ဧပြီလတွင် မိုးရေချိန် ၃ ဒသမ ၇၈ လက်မ၊ မေလတွင် ၁၃ ဒသမ ၆၂ လက်မ ရွာသွန်းခြင်းနှင့်အတူ ပြန်လည်ဖော်ထုတ်ဆယ်ယူထားသည့် ရှေးဟောင်းရေကန်များ ရေပြည့်လျှံခဲ့ကြောင်း၊ မေလအတွင်း မိုးရွာသွန်းမှုပိုမိုများပြားခဲ့ကာ မေ ၁ ရက်တွင် ၄ ဒသမ ၃၇ လက်မ၊ မေ ၂၆ ရက်တွင် ၁ ဒသမ ၈၉ လက်မ၊ မေ ၂၇ ရက်တွင် ၁ ဒသမ ၆၅ လက်မနှင့် မေ ၂၈ ရက်တွင် ၁ ဒသမ ၂၂ လက်မ ရွာသွန်းခဲ့ကြောင်း ညောင်ဦးမြို့နယ် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက မိုးရွာသွန်းမှု အခြေအနေများအား ရှင်းပြသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပုဂံခေတ်က အသုံးပြုခဲ့သည့် ရှေးဟောင်းရေကန်များဖြစ်သည့် အလံပုဂံကန်၊ မရိုးကန်၊ မနူမရွဲကန်၊ နန္ဒာကန်၊ ရွှေနန်းရင်တောကန်၊ ဆင်ဖြူရှင်ကန်၊ ဆွေတော်မျိုးတော်ကန်၊ ရွှေထီးကန်၊ ဘူးလည်သီးကန်၊ ဖိုးသူတော်ကန်၊ ညောင်လက်ဖက်ကန် အစရှိသည့် ရှေးဟောင်းရေကန်များနှင့်အတူ တုရင်တောင်ခြေရှိ မြကန်လည်း ရေဝင်ရောက်မှုရှိနေသည်။

ညောင်ဦးမြို့နယ်အတွင်း မိုးရွာသွန်းမှုများခြင်းကြောင့် ရှေးဟောင်းရေကန်များ ရေဝင်ရောက်မှုများပြားခဲ့ပြီး ဧပြီလနှင့် မေလအတွင်း မိုးရေချိန် ၁၇ ဒသမ ၄၀ လက်မ ရွာသွန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၄၈၁)**




# မိုးတွင်းကာလတွင် ရေဝပ်မှုများမဖြစ်ပေါ်စေရေးအတွက် ရေဆိုးထုတ်မြောင်းများ ဆောင်ရွက်နိုင်ရန် ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ ဇွန် ၁**

မကွေးတိုင်းဒေသကြီး၊ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဒေသအတွင်းရှိ စည်ပင်သာယာဈေးများတွင် ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်လာပြည်သူများ သန့်ရှင်းသပ်ရပ်စွာဖြင့် ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်နိုင်ရန် ဈေးလုံခြုံရေးနှင့် ဈေးပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ မေ ၂၉ ရက် နံနက်ပိုင်းက ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာ ကျေးလက်စည်ပင်သာယာဈေးသို့ သွားရောက်၍ မိုးတွင်းကာလတွင် ဈေးပတ်ဝန်းကျင် ရေဝပ်မှုများ မဖြစ်ပေါ်စေရေး ရေဆိုးထုတ်မြောင်းများ ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ဒေသခံရပ်မိရပ်ဖများနှင့်အတူ ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာ ကျေးလက်စည်ပင်သာယာဈေးသို့ သွားရောက်၍ မိုးရွာသွန်းမှုကြောင့် ဈေးရုံပတ်လည်နှင့် ဈေးဝင်ပေါက်၊ ထွက်ပေါက်နေရာများတွင် မိုးရေဝပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်လာပြည်သူများ သန့်ရှင်းသပ်ရပ်စွာဖြင့် ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်နိုင်ရန် ဈေးမြောက်ဘက်နှင့် ဈေးတောင်ဘက် လမ်းမဘေးတို့တွင် ရေဆိုးထုတ်မြောင်း တူးဖော်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ဈေးများအားလုံး ဈေးအင်္ဂါရပ်နှင့်အညီ စဉ်ဆက်မပြတ် သန့်ရှင်းသာယာလှပစေရန်နှင့် ဈေးသူ၊ ဈေးသားများ သတ်မှတ်ဈေးကမ်းများနှင့်အညီ စနစ်တကျ ဈေးရောင်းချရေးကြပ်မတ်စစ်ဆေးခြင်း၊ ဈေးလုံခြုံရေးနှင့် မီးဘေးလုံခြုံရေးလုပ်ငန်းများ နေ့၊ ညမပျက်စစ်ဆေးခြင်း၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးအတွက် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများကို ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ) (၄၄၅)**

# လျှင်ဘေးသင့် ဝန်ထမ်းမိသားစုများအား ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ဆေး(တတိယအကြိမ်) တိုက်ကျွေးခြင်းလုပ်ငန်း အခမဲ့ဆောင်ရွက်

**မန္တလေး ဇွန် ၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြန်နန်းဝန်ထမ်းအိမ်ရာ၌ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ငလျင်ဘေးသင့် ဝန်ထမ်းမိသားစုများအား ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ဆေး (တတိယအကြိမ်) တိုက်ကျွေးခြင်းလုပ်ငန်းကို မေ ၃၁ ရက် နံနက်ပိုင်းက အခမဲ့ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ချမ်းမြသာစည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးနှင့် အဖွဲ့ဝင်များက ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ဆေးမသောက်မီ မိမိတွင် ဆေးနှင့်မတည့်သော ရောဂါအခံ တစ်စုံတစ်ရာရှိလျှင် မသောက်သင့်ကြောင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု ရှိရမည်ဖြစ်ကြောင်း၊ အများပြည်သူနေရပ်ကွက်များတွင်လည်း ကိုယ်ပိုင်အိမ်သာမရှိသူများကို ဦးစားပေးကာကွယ်ဆေး တိုက်ကျွေးသွားမည်ဖြစ်ကြောင်းနှင့် ဝမ်းပျက်ဝမ်းလျှောဖြစ်လျှင် ဘေးထွက်ဆိုးကျိုးအကြောင်း စသည့်အကြောင်းအရာများကို ဦးစွာရှင်းပြခဲ့ပြီး အဆိုပါ ပြည်သူ့ကျန်းမာရေးဦးစီးမှူးနှင့် အဖွဲ့ဝင်များက မြန်နန်းဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းမိသားစုဝင်ဖြစ်သည့် အသက်နှစ်နှစ်အထက်ကလေး၊ လူကြီးများအား ကာကွယ်ဆေး တိုက်ကျွေးခဲ့သည်။



ထိုသို့ ကာကွယ်ဆေးတိုက်ကျွေးမှုကို ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ် သုံးကြိမ်တိုင် အခမဲ့တိုက်ကျွေးရန်လျာထားခဲ့ပြီး ယခုအကြိမ်သည် တတိယအကြိမ် အခမဲ့ တိုက်ကျွေးခြင်းဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ)**
**(၀၅၆)**

# စားသောက်ကုန်ပစ္စည်းများအား ပြည်သူများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**မြစ်သား ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်ဈေးနှုန်းဖြင့် ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် မြို့မဈေးတောင်ဘက်အပေါက်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စားသောက်ကုန်ပစ္စည်းများအား ပြည်သူများအတွက် သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခြင်းကို မေ ၃၁ ရက် နံနက် ၇ နာရီက ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ အခြေခံစားသောက်ကုန်ရောင်းချသည့် လုပ်ငန်းရှင်များက ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးရာ ဒေသခံပြည်သူလူထုများမှ လာရောက်ဝယ်ယူခဲ့ကြသည်။

ထိုသို့ရောင်းချပေးရာတွင် ဝက်သားတစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀၀၊ အမဲသားတစ်ပိဿာလျှင် ငွေကျပ်၂၅၀၀၀၊ ဆိတ်သားတစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀၀၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၄၀၀၊ မနောသုခဆန် တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀ နှင့် စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ တို့ကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။

အဆိုပါ ဈေးရောင်းချရာသို့ မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်၊ မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဝင်းမင်းထွန်း(ပြန်/ဆက်)**



# လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး

**မန္တလေး ဇွန် ၁**

မန္တလေး၊အောင်မြေသာစံ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေနှင့်အဖွဲ့သည် ယမန်နေ့ ညနေ ၄ နာရီက အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ လမ်း၂၀နှင့်၂၁လမ်းကြား၊ ၈၆လမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ရုံးအတွင်း ရွှေတချောင်း ရေဝင်ရောက်မှုမှ ကာကွယ်ရန် မြေသားဖို့ခြင်း၊ ရေတာပေါင်ပြုလုပ်ထားခြင်းများနှင့် ပြည်သူများမှ uid ရိုက်ရှိနေမှု၊ အိမ်ထောင်စုနှင့် နိုင်ငံသားကတ်ပြားလုပ်ငန်းများ လာရောက်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အောင်မြေသာစံမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူးဦးသိန်းလွင်က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ရုံးသို့ လာရောက်ကြသည့် ပြည်သူများအား မက်စ်များ ဝေငှပေးပြီး ရုံးဝန်ထမ်းများအား ခေါက်ဆွဲခြောက်နှင့် မုန့်များ ပေးဝေကြရာ ဦးစီးမှူးနှင့် ဝန်ထမ်းများက လက်ခံရယူကြသည်။



အဆိုပါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အောင်မြေသာစံမြို့နယ် ဦးစီးမှူးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အဖွဲ့ဝင်(၂) ဦးတင်မောင်ဝင်း၊ ခရိုင်အဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဦးမောင်မောင်အေးတို့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၀၃၇)



# မီးသတ်ဦးစီးဌာနတွင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကြိုတင်ကာကွယ်ရန် ပြင်ဆင်ဆောင်ရွက်ထား

**မြစ်သား ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ တုံ့ပြန်ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ယမန်နေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်စခန်းတွင် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများ အသင့်စုဖွဲ့ထားရှိမှု ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်မီးသတ်ဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရန်နှင့် သဘာဝဘေးကျရောက်လာသည့်အချိန်တွင် လျင်မြန်စွာ တုံ့ပြန်ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် မြစ်သားမြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော်က လူ၊ ယာဉ်နှင့် စက်ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများ အသင့်စုဖွဲ့ထားရှိမှု၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို အသုံးပြု၍ လျင်မြန်စွာ ကူညီဆောင်ရွက်နိုင်ရန်တို့ကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်ဟု ပြောကြားသည်။

(အပေါ်ပုံ)

ဝါဝါမြင့်(မြစ်သား)

# လူထုအခြေပြုပဟိုဌာနတွင် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲ ကျင်းပ

**ကျောက်ဆည် ဇွန် ၁**

ပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး၊ လူမှုစီးပွားဘဝ မြင့်မားစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ လူသုံးကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို မေ ၃၀ရက် နံနက်၁၀ နာရီက ကျောက်ဆည်ခရိုင် ပြည်သူ့စာကြည့်တိုက် လူထုအခြေပြု ဗဟိုဌာနတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက သင်တန်းမှ သင်ကြားပို့ချပေးခဲ့သော နည်းပညာများကို လက်တွေ့နယ်ပယ်တွင် တန်ဖိုးရှိစွာ အသုံးချရန်၊ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများအား ခေတ်နှင့်အညီ ကြိုးစားဆောင်ရွက်ရန် အမှာစကားပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာဝင်းက ဘာသာရပ်များအား အခြေခံမှစ၍ သင်ကြားပေးခဲ့ရာ သင်တန်းသူများအနေဖြင့် တတ်စွမ်းသမျှထုတ်ကုန်များ ထုတ်လုပ်သွားကြရန်နှင့် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်ပြီး မိသားစုအပိုဝင်ငွေရရှိအောင် ကြိုးစားသွားကြရန် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းသူများအား တာဝန်ရှိသူများ သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းထုတ်ကုန်များကို ပေးအပ်ခဲ့ပြီး သင်တန်းသူ ဒေါ်အေးအေးစန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်းနှင့် အဆိုပါ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် ဘက်စုံသုံးဆပ်ပြာဆီ၊ ပန်းကန်ဆေးဆပ်ပြာဆီ၊ အဝတ်လျှော်ဆပ်ပြာဆီ၊ တရော်ကင်ပွန်းခေါင်းလျှော်ရည်နှင့် မျက်နှာသစ်ဆပ်ပြာခဲ ပြုလုပ်နည်းတို့ကို သင်တန်းသား ၂၀ ဦးအား မေ ၂၆ ရက်မှ မေ ၃၀ ရက်အထိ ငါးရက်ကြာ စာတွေ့၊လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(တင်တင်ထွေး)



# ရပ်ကွက်၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များရှင်သန်ရေးနှင့် စာပတ်ရှိန်မြှင့်တင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**ပြင်ဦးလွင် ဇွန် ၁**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူငယ်များနှင့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်သည်နှင့်အညီ ရပ်ကွက်၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ရေးအတွက် စာကြည့်တိုက်ကော်မတီများ အသစ်ပြန်လည်ဖွဲ့စည်းနိုင်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် နိုင်ငံတော်အစိုးရက စာကြည့်တိုက်များ ပြန်လည်ထူထောင်ပြီး ဆက်လက်ရပ်တည်နိုင်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပံ့ပိုးကူညီပေးနေမှု အခြေအနေများ၊ လမ်းညွှန်မှာကြားချက်များနှင့် မြို့နယ်အတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် လုပ်ဆောင်နိုင်ရန် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမည့် လုပ်ငန်းအစီအစဉ်များအား ရှင်းလင်းဆွေးနွေးပြီး၊ ခရိုင် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် စာရေးဆရာ ကိုရွှေအောင်သင်းက ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အပြန်အလှန် မေးမြန်းဆွေးနွေးပြီး ကွင်းဆင်းဆောင်ရွက်မည့် အခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့သည်။



အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ကျေးရွာ စာရေးဝန်ထမ်းများ စုံညီစွာ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

သွေးသွေး(ခရိုင်-ပြန်/ဆက်)

*-*-*-*-*-*-*

# ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံတွင် အခြေခံစက်ချုပ်နည်းပညာသင်တန်း အခမဲ့ဖွင့်လှစ်မည်

**မန္တလေး ဇွန် ၁**

ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်နိုင်စေရန် မိသားစုတစ်နိုင်တစ်ပိုင် လုပ်ငန်းငယ်များ ဆောင်ရွက်လာနိုင်စေရန် အသက်မွေးဝမ်းကျောင်းပညာရပ်များ လက်ဆင့်ကမ်းပညာ အမွေဖြန့်ဝေပေးနိုင်ရန် စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကာလတိုသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကာလတိုသင်တန်းများဖြစ်သော အခြေခံစက်ချုပ်နည်းပညာသင်တန်း၊ အဆင့်မြင့်စက်ချုပ်နည်းပညာသင်တန်း၊ ဖက်ရှင်ဒီဇိုင်းနည်းပညာသင်တန်းများ ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိသည်။ အခြေခံစက်ချုပ်နည်းပညာရပ်အပြင် ခေတ်မီစင်တီမီတာ နည်းပညာရပ်များ တတ်မြောက်စေရန်၊ ကျေးလက်နှင့် မြို့ပြနေ အခြေခံလူတန်းစားများ၊ အမျိုးသမီးငယ်များ စက်ချုပ်နည်းပညာရပ်များကို တတ်ကျွမ်းပြီး တစ်နိုင်တစ်ပိုင်လုပ်ငန်းငယ်များထူထောင်၍ မိသားစုဝင်ငွေတိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံတွင် ၂၀၂၅ခုနှစ် ဇွန်လအတွင်း အခြေခံစက်ချုပ်သင်တန်းအား သင်တန်းသူများဖြင့် အခမဲ့ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်းသို့ တက်ရောက်လိုပါက ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၊စစ်ကိုင်း-မန္တလေးလမ်း၊ ရေတွင်းညီနောင်ရပ်ကွက်၊ အမရပူရမြို့နယ်၊ ဖုန်း- ၀၉-၂၅၉၂၄၅၄၉၈၊ ၀၉-၄၀၀၅၁၆၅၄၉၊ ၀၉-၄၂၀၇၁၂၈၃၁ (သင်တန်းရေးရာဌာန)သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(၀၄၅)

# မြင်ကွင်းကျယ် အချစ်ဝတ္ထု

**နေမျိုး**



## ဝတ္ထုတိုကဏ္ဍ

**(၂၆-၅-၂၀၂၅)ရက်နေ့ စာမျက်နှာ-၁၄ မှအဆက်**

'ဒါပေမဲ့ အဘိုးကြီးအနေနဲ့ရောင်းမယ်ဆိုရင်လည်း ကျွန်တော့်ကို အသိပေးစရာမှ မလိုဘဲ'

'မဟုတ်လား ခင်ဗျာ'

ကျွန်တော်က အိမ်နှင့်ပတ်သက်သောအကြောင်းများကို ပြောဆိုနေသော်လည်း ဧည့်သည်အမျိုးသမီးသည် ဘာကိုမျှ ပြန်မပြောချေ။ ကျွန်တော့် စားပွဲပေါ်မှာ ရှုပ်ပွနေသော စာအုပ်များကို တစ်အုပ်ချင်း ဆွဲယူကာ ကြည့်နေတော့၏။ သူမသည် အိမ်ကိစ္စကို စိတ်ပါဝင်စားခြင်း ရှိပုံမရတော့။ ရှုပ်ပွနေအောင် ကျွန်တော်ရေးခြစ်ထားသော စာရွက်များကိုတောင် စီထပ်ပေးလိုက်သေး၏။ သူမသည် စာအုပ်တစ်အုပ်ကို ကိုင်ကြည့်နေရာမှ မျက်လုံးများက တစ်နေရာသို့ ရောက်သွားပြန်သည်။

'အဟင်း ဟင်း…ရှင်ဟာ တော်တော်ရယ်ရတဲ့ လူပဲ'

သူမက မြင်းစီးရင်း ဖောက်ထိုးဖြစ်နေသော 'ဗိုဒဲရက်ခ်'ကို ကြည့်ကာ ပြောလိုက်သည်။ ကျွန်တော့်လက်ထဲမှ ဆေးလိပ်မှာ တစ်စထက်တစ်စ တိုလာလေပြီ။ အခန်းကလေးတစ်ခုလုံးမှာလည်း ဆေးလိပ်မီးခိုးများ ပျံ့နှံ့နေတော့၏။ ကျွန်တော်သည် ဤမျှစပ်စပ်စုစုနိုင်သော အမျိုးသမီးကို မတွေ့ဖူးသေးပါ။

'ဒီမှာဗျာ အဲ့ဒီရုပ်ပုံကို ပြန်တည့်ပေးလိုက်စမ်းပါ'

သူမသည် ဖောက်ထိုးဖြစ်နေသော 'ဗိုဒဲရက်ခ်'၏ ရုပ်ပုံကားချပ်ကို ကြည့်ကာ ရယ်မောနေဆဲပင် ဖြစ်သည်။

'နေပါ့စေလားရှင်၊ ဒီအတိုင်းပဲ ကြည့်ကောင်းသားပဲဟာ'

'နေပါဦး၊ ဒါနဲ့ ရှင်က ပန်းချီဆရာများလား'

သူမသည် ကောက်ကာငင်ကာ မေးလိုက်ပြန်၏။ စက္ကန့်အနည်းငယ်မျှသာကြာသော ဤမေးခွန်းကို အကောင်းဆုံး ဖြေနိုင်ရန်အတွက် နှစ်အနည်းငယ်မျှ အချိန်ယူရပါဦးမည်။ ဤအမျိုးသမီးသည် အမေးမြန်းထူပေစွ။ စပ်စုပေစွ။ ဘူးထဲမှ ဆေးလိပ်များကို နှိုက်ယူကာ စားပွဲပေါ်သို့ ဖြည်ချလိုက်သည်။ သူမ၏ မေးခွန်းများကို ရပ်တန့်သွားစေရန် တစ်ခုခုတော့ လုပ်ရလိမ့်မည်။

'ကဲရော့…ဆေးလိပ်သောက်ဦး'

သူမသည် ဆေးလိပ်တစ်လိပ်ကို ကောက်ယူလိုက်သေး၏။ ပြီးမှ…

'ကျွန်မ ဆေးလိပ်မသောက်တတ်ပါဘူးရှင်'

သူမသည် ကုလားထိုင်ပေါ်မှထကာ အခန်းကို အတန်ကြာအောင် လှည့်ပတ်ကြည့်ရှုနေပြန်၏။ မီးခလုတ်များ၊ ပိုးမျှင်များ၊ ဖုန်မှုန့်များ၊ စာအုပ်ပုံ၊ ထင်းရှူးသေတ္တာ၊ ဆေးလိပ်တိုများ၊ ကြွက်ထောင်ချောက်နှစ်ခု၊ ပုလင်းခွံတွေ။ သူမသည် ဦးခေါင်းကို ချာခနဲလှည့်ပစ်လိုက်သည်။

'ရှင်ဟာ ရာဇဝတ်မှုတစ်ခုခုကို တိမ်းရှောင်နေတဲ့သူတော့မဟုတ်ပါဘူးနော်'

ကျွန်တော်သည် ဤမျှစပ်စပ်စုစုနိုင်သော အမျိုးသမီးနှင့်ဆက်လက်၍ အမေး၊ အဖြေပြုလုပ်ရန် မလိုအပ်တော့မှန်း သိလိုက်သည်။ စေးထန်းထန်းချေးစများကို လက်တစ်ဖက်ဖြင့် သပ်ချလိုက်ရင်း…

'တစ်ဆိတ်ကလေး…ဒီမှာဗျာ၊ ခင်ဗျား ဘာမေးခွန်းမှ မမေးဘဲ ငြိမ်ငြိမ်ကလေး မနေနိုင်ဘူးလား'

'ကျုပ်သာ ရာဇဝင်လူဆိုးကြီးတစ်ယောက်ဆိုရင်လေ ခင်ဗျားဘယ်လွယ်လိမ့်မလဲဗျ၊ ဟုတ်လား'

သူမသည် အလွန်အမင်း ကြောက်ရွံ့သွားပုံမျိုးဖြင့်(အမှန်မှာ လုံးဝကြောက်ရွံ့မှုမရှိဘဲလျက်) ပခုံးနှစ်ဖက်ကို ကပျာကယာ တွန့်ပြလိုက်လေ၏။

ကျယ်ပြန့်ခြောက်သွေ့လွင်တီးခေါင်၊
မွေးနေ့လက်ဆောင်တဲ့။
သဲကန္တာရတစ်ခု၊
သူမက လက်ဆောင်ပေးတယ်။

ကျွန်တော့်မိတ်ဆွေ ကဗျာဆရာတစ်ယောက်၏ စာရွက်ကလေးမှာ တွန်းဇွေ့လိုက်သော လေထဲတွင် ဖျတ်ခနဲလွင့်ပါးသွား၏။ နေရောင်ခြည်သည် ခပ်ဟဟစေ့ထားသော ပြတင်းပေါက်မှ ပါးလွှားတောက်ပသော အဝတ်စဆွဲဖြန့်လိုက်သလို အခန်းထဲသို့ လွင့်ကျနေ၏။

ကြွက်တစ်ကောင်သည် ထိုအဝတ်စကို ကိုက်ခဲပစ်ရန်အတွက် အခန်းထောင့်တစ်နေရာမှ ချောင်းမြောင်းနေပုံရ၏။ နာရီစက်သွားသံများသည် တချောက်ချောက်နှင့်။ ထင်းရှူးသေတ္တာပုံး၏ နောက်ကွယ်တွင်ရှိ ကြွက်ထောင်ချောက်မှာ ညောင်းညာကိုက်ခဲစွာ ရပ်တန့်နေ၏။ ကြွက်ထောင်ချောက်သဖွယ် ကျွန်တော့်စိတ်အာရုံသည်လည်း တင်းမာလေးလံကာ ကိုက်ခဲလာပြန်၏(စင်စစ်ကျွန်တော့်စိတ်ကူးများ အညောင်းမိနေခဲ့သည်မှာ ရက်အတန်ပင်ကြာခဲ့ပြီ ဖြစ်သည်။)

'ဒီမှာရှင့်…လူဆိုးကြီး၊ ဘာတွေများ တွေးတောပြီး ကျောက်တုံးကြီးတစ်တုံးလို ငြိမ်သက်နေရတာလဲ'

'ဧည့်သည်ကို တစ်ဆိတ်ကလေး ကျေးဇူးပြုပြီး ဧည့်ခံစကားလေးများ ပြောပါဦးလားရှင်'

နူးညံ့သော အသံလှိုင်းတစ်ခုသည် ကျွန်တော့်ခန္ဓာကိုယ်ထဲဖြတ်စီးသွားသည်။ ဧည့်သည်အမျိုးသမီးသူမသည် ကျွန်တော့်ကို တဖိတ်ဖိတ်တောက်ပသော မျက်ဝန်းများဖြင့် ကြည့်နေဆဲ‥

'အေးဗျာ…ဆောရီးပဲ'

'ဒီလောက် ပျင်းစရာကောင်းတဲ့ အခန်းထဲမှာ ခင်ဗျားရောက်လာလိမ့်မယ်လို့ ကျွန်တော်ဖြင့် စိတ်ကူးတောင် မကြည့်မိခဲ့ဘူး'

'ပျင်းစရာကောင်းတဲ့ အခန်းဟုတ်လား၊ ကျွန်မတော့ အဲဒီလိုမထင်မိပါလားရှင်'

သူမသည် ရယ်သံစွက်၍ပြောလိုက်ပြန်၏။ သူမ၏အသံမှာ ပျံ့မြစ်၍ ဂီတဆန်နေသည်။ (ဤသည်မှာ ကျွန်တော့်အထင်ကို ပြောခြင်းသာဖြစ်သည်။ ဂီတအကြောင်းကို ကျွန်တော်ဘာမျှဟုတ်တိပတ်တိ နားလည်သိရှိထားသူမဟုတ်၊ ဂီတသံများ ပေါ်ထွက်လာအောင် တီးခတ်တတ်သူမဟုတ်။ အခြားတစ်ပါး၌မူ ကျွန်တော်သည် စန္ဒရားခလုတ်များပေါ် ကြွက်တစ်ကောင် ဖြတ်လျှောက်သည့် သံစဉ်များကို ကောင်းမွန်စွာ သရုပ်တူတီးခတ်တတ်သူ တစ်ယောက်တော့ဖြစ်နိုင်ကောင်းသည်။)

ကျွန်တော်သည် ဧည့်သည်အမျိုးသမီးအား အနည်းငယ် အားနာလိုက်မိသည်။ ဒါပေမဲ့ အမျိုးသမီးတွေဟာ အားနာမှုကို အမြဲတစေ အလိုမရှိတတ်ကြ။ အမျိုးသမီးများနှင့်ပတ်သက်၍ ဤမျှလောက်တော့ ကျွန်တော်သိရှိထားသည်။ ဒါပေမဲ့ ကျွန်တော့်နှုတ်မှ လွှတ်ခနဲ ထွက်သွားလိုက်မိ၏။

'ကျွန်တော် ခင်ဗျားကို အားနာလိုက်တာဗျာ'

'အားနာတယ်ဟုတ်လား၊ ဘယ်နားလေးက နာတာလဲ၊ ကျွန်မသိအောင်ပြစမ်းဦး'

အမျိုးသမီးသည် ကျွန်တော့်စကားကို ပြန်လှန်ပြောဆိုရင်း ရယ်မောနေပြန်သည်။ ခက်နေပါလား ဧည့်သည်မ,ရေ။ ကျွန်တော်သည် အူမြူးနေသော ဧည့်သည် မ,ကို ကြည့်ကာ စိတ်အိုက်လာ၏။ သူမ၏ ရှေ့မှောက်၌ အနေအထိုင်ကျပ်လာ၏။ သို့သော် တော်ပါသေး၏။ စက္ကန့်အနည်းငယ်အတွင်းမှာ ကျွန်တော် ကံကောင်းလာသည်။အကျဉ်းအကျပ်မှ လုလုပပ လွတ်မြောက်သွားသည်။

'အား…'

သူမသည် အလန့်တကြားအော်ကာ တိုးဝင်လာသည်။ မည်သည့်နေရာမှမသိ ကြွက်စုတ်များက သူမ၏ခန္ဓာကိုယ်ပေါ်သို့ တဖုတ်ဖုတ်ခုန်ချလိုက်၏။ သူမသည် ကြွက်များကို ထိတ်လန့်တတ်သူ တစ်ယောက်ပါတကား။ သူမသည် ကြွက်များကို ကြောက်လန့်တတ်သူဖြစ်ကြောင်း သိလိုက်ချိန်တွင် သူမသည် ကျွန်တော့်ရင်ခွင်ထဲသို့ ရောက်နေလေပြီ။ ကျွန်တော့်ကို တင်းကျပ်စွာ ဖက်တွယ်ထားတော့၏။ ချစ်လှစွာသော ကြွက်စုတ်ကလေးရေ…။ ဧည့်သည်ကလေးရဲ့ ကိုယ်ခန္ဓာဟာ သိမ်မွေ့စွာ အေးမြနေလေရဲ့…။

မကြောက်ပါနဲ့ကွယ်'

'ကျွန်မ ကြွက်တွေကို ကြောက်တယ်၊ ဒါပေမဲ့…ရှင့်ကိုတော့မကြောက်ဘူး ကိုကြွက်စုတ်'

ကြွက်ထောင်ချောက်မှ 'ဂျိုင်း' ခနဲမြည်သံကို ကျွန်တော်ကြားလိုက်မိသည်ထင်၏။

(၃)

အရောင်ချွတ်ထားသော ဓာတ်ပြားတစ်ချပ်ဝဲနေသလို ကောင်းကင်ထဲမှာ တိမ်တိုက်များကြားမှ လဝန်းကို တွေ့ရသည်။ လ,ဓာတ်ပြားကို စက်ထဲထည့်၍ ဖွင့်ကြည့်လျှင် ကမ္ဘာကြီးစတင်ဖြစ်ပေါ်လာပုံအကြောင်း ဖွဲ့ဆိုထားသော သီချင်းတစ်ပုဒ်ကို ကြားရလိမ့်မည်လား။ ကမ္ဘာဦးအစက သည်ဓာတ်ပြားကြီးအကြောင်းကို ကျွန်တော်တို့ သိပ်မသိကြပါ။ ယခုအခါ လ,ဓာတ်ပြားသည် ကောင်းကင်ထဲမှာဝဲပျံကာ တိတ်ဆိတ်သော ဂီတကို ထုတ်လွှင့်ပေးလျက်ရှိ၏။ ထိုဂီတသည် လူသားတို့၏ စိတ်အာရုံကို စေ့ဆော်နိုင်စွမ်းရှိသည်မှာ တကယ်သေချာပါသည်။

ည…။

နွေည…။

လပြည့်ည…။

နွေညများကို ကျွန်တော်ချစ်သည်။ လပြည့်ညများကို ကျွန်တော် တပ်မက်သည်။ ကြယ်တာရာတွေ ထွန်းလင်းတဲ့ညများကို ကျွန်တော်နှစ်သက်သည်။ ကျွန်တော်တို့ဟာ မိမိရရှိတဲ့ညများကို အိပ်စက်တဲ့နည်း တစ်ခုတည်းနဲ့ ကုန်အောင်သုံးပစ်ဖို့ မသင့်ဘူး။ လူတစ်ယောက်ရဲ့ဘဝမှာ ညဟာ အရေးပါတဲ့ အရာဝတ္ထုတွေဖြစ်သည်။ ညရဲ့အသုံးဝင်ပုံကို အိပ်စက်တာထက် ပိုပြီး ကျွန်တော်တို့မသိသင့်ဘူးလား။ ညသည်ကြာပန်းတစ်မျိုးကို ပွင့်စေခဲ့သည်။ ထရီဂျင်မြင်းကြီးကို အသက်ဝင်စေခဲ့သည်။ အိပ်မက်များကို ဖြစ်ပေါ်စေခဲ့သည်။ ကမ္ဘာ့ထောင့်စွန်းကနေ ကဗျာတစ်ပုဒ်ကို ကြဲပေါက်ပစ်တတ်သည်။

ကျွန်တော်သည် တိတ်ဆိတ်လှသော်လမ်းကလေးအတိုင်း လျှောက်လာခဲ့၏။ လေတရှိုရှိုချွန်ရင်း မပျင်းမရိ လမ်းလျှောက်တတ်သူ၊ ရယ်စရာမောစရာများ ခပ်သောသော ပြောတတ်သူ ကျွန်တော့်မိတ်ဆွေတစ်ယောက်ကို သတိရလာမိသည်။ မန္တလေးမြို့၏ နွေညများသည်သူနှင့် ကျွန်တော့်အတွက် ပျော်ရွှင်ဖွယ်အမှတ်ရဖွယ်ဖြစ်ခဲ့သည်။ ယခုလို မိုးချုပ်စအချိန်လောက်ဆိုလျှင် သူ၏ ညပိုင်းစာအုပ်အပောင်းဆိုင်ကလေးမှာ လူသူရှင်းလင်းသလောက် ရှိနေပြီ ဖြစ်သည်။ ညဈေးစာအုပ်ဆိုင်တန်းမှာလည်း တိတ်ဆိတ်စ ပြုလာပြီဖြစ်သည်။ ညဦးပိုင်းခပ်စောစောကပင် ရောက်ရှိနေတတ်သော ကျွန်တော်ကလည်း သူ့စာအုပ်ဆိုင်ကလေးကို ကူညီသိမ်းဆည်းပေးရင်း ပြန်ဖို့ကို သတိမရ ဖြစ်နေတတ်သည်။ ခပ်စောစောပိုင်းလောက်ကမှ သူနှင့်ကျွန်တော်သည် စီးကရက်တစ်ဘူးကို ဖောက်ကာ ဖွာရှိုက်ကြရင်း စာအုပ်ပောင်းဆိုင်ကလေးများဘက်သို့ မျက်စိလည်လမ်းမှားကာ ရောက်ရှိလာဟန်တူသူများကို ကြည့်ကာ လူတို့၏ ရယ်မောဖွယ်ကောင်းပုံများကို ပြောဖြစ်ကြသည်။

**(ဆက်လက်ဖော်ပြပါမည်။)**

# အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် ဇွန် ၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ အခွန်အမျိုးအစားအလိုက်၊ အခွန်ကဏ္ဍတစ်ရပ်ချင်းစီအလိုက် အခွန်ပညာပေးရှင်းလင်းဟောပြောပွဲကို မေ ၃၁ ရက် နံနက် ၉ နာရီခွဲက ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)ရှိ စုပေါင်းရုံးအစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ တာဝန်ရှိသူများနှင့် အခွန်ထမ်းလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်နွေယမင်းစိုးက အခွန်နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များအား သိရှိရန်နှင့် လိုက်နာရမည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့်လုပ်ငန်းစဉ်များ၊ ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များ စသည့် အခွန်ဆိုင်ရာများ အသေးစိတ်ရှင်းလင်းဟောပြောခဲ့သည်။



ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသူများက မိမိတို့သိရှိလိုသည်များကို အသီးသီး မေးမြန်းဆွေးနွေးခဲ့ကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခရိုင်(ပြန်/ဆက်)**

# ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်အဆင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**တန့်ယန်း ဇွန် ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင်၊ တန့်ယန်းမြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးမှူး၍ ခရိုင်နှင့် မြို့နယ်ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၅)ကို မေ ၂၉ ရက် မွန်းလွဲ ၁ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းလွင်အောင်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အသီးသီးတို့မှ အုပ်ချုပ်ရေးမှူးများက ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌက လုပ်ငန်းဆိုင်ရာ ကိစ္စများကို ပေါင်းစပ်ညှိနှိုင်းကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဇွန် ၁**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို မေ ၃၀ရက် နံနက် ၁၀နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဇာမွန်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးတင်မောင်ဝင်း၊ အဖွဲ့ဝင်(၃) ဦးမောင်မောင်အေး(ခရိုင်လဝက ဦးစီးမှူး)၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်၊ အောင်မြေသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်၊ ပုသိမ်ကြီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ မဟာရာမြို့နယ် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ ဝန်ထမ်းစုစုပေါင်း ၆၀ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက သဘာဝဘေး အန္တရာယ်ဆိုင်ရာများ အသိပညာပေးဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

(၀၉၃)




ဖတ်စရာ၊ မှတ်စရာ စုံလင် ပန္နရေး

## ကျောင်းနေရွယ်များ ကျောင်းအပ်နှံပါ

* မိမိရင်သွေး ကျောင်းထားမှာ
မိဘတာဝန်ပါ ။
အတတ်ပညာ အမွေပေး
တိုးတက်ကြီးပွားရေး ။
ကျောင်းနေရွယ်များ ကျောင်းအပ်ပါ
နှစ်တိုင်းအစဉ်လာ ။
နောင်တစ်ခေတ်မှာ လွန်အားထား
ခေါင်းဆောင်ဖြစ်စေသား ။
ရှင်လန်းတက်ကြွ သည်အရွယ်
စိတ်ထားဖြူစင်တယ် ။
လောကအလယ် လုဂုဏ်ဝင့်
ပညာဉာဏ်ရည်မြင့် ။
ထူးထူးခြားခြား တိုးတက်မည်
ပညာမြတ်ဂုဏ်ရည်
တွေးဆကြံစည် ဆောင်ရွက်လို့
ကျောင်းအပ်နှံကြစို့ ။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**



# စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မူဆယ် ဇွန် ၁**

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှု၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မေ ၃၁ရက် နံနက် ၇ နာရီက မူဆယ်မြို့၊ ကောင်းမှုတံ့ရပ်ကွက်ရှိ မင်္ဂလာမူဆယ်လမ်းမကြီးတစ်လျှောက်တွင် ရေမြောင်းဆယ်ယူခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ လမ်းမပေါ်သို့ ကျရောက်နေသည့် သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ငွေဆင်အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် စက်မှုအခြေခံမူလတန်းကျောင်းတွင် သန့်ရှင်းရေးပြုလုပ်ခြင်းလုပ်ငန်းများကို ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

မင်္ဂလာမူဆယ်လမ်းမကြီးဘေးရှိ ရေမြောင်းသည် ရွှေလီမြစ်ထဲသို့ စီးဝင်သည့်ရေမြောင်းဖြစ်၍ မိုးတွင်းကာလ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးနှင့် အမှိုက်သရိုက်များ ရွှေလီမြစ်အတွင်းသို့ ကျရောက်ခြင်းမရှိစေရန် ကြိုတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)** **(ကဆ)**



## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၁**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ယမန်နေ့နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင် အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊ B.A) ဟောကြား ချီးမြှင့်သော ရေစက်ချ အနုမောဒနာတရားအား နာယူကြည်ညို ကြပြီး မိခင်ကြီး ဒေါ်ခင်ခင်နှင့် မြေး မမုံရီကျော်တို့အား ရည်စူး၍ ဖခင် ဦးမောင်မောင်တင်အား အမှူး ထား၍ သားသမီးမြေးတစ်စုတို့ က ရာသက်ပန်ဆွမ်းပဒေသာပင် အတွက် အလှူငွေကျပ် ၁၅ သိန်း ကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူသည်။

ထို့နောက် အလှူရှင်မိသားစု က ကျောင်းအုပ်ဆရာတော်အမှူး ပြုသော ဆရာတော်၊ သံဃာ တော်များအား နေ့ဆွမ်းဆက်ကပ် ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) PNT**

## သရက်မြို့၌ သရက်ခရိုင်ပြည်သူ့ဆေးရုံ ကျောက်ကပ်သွေးသန့်စင်ဌာနအတွက် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**သရက် ဇွန် ၁**

မကွေးတိုင်းဒေသကြီး၊သရက် မြို့၌ သရက်ခရိုင် ပြည်သူ့ဆေးရုံ ကျောက်ကပ်သွေးသန့်စင်ဌာန အတွက် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီ က ခရိုင်ပြည်သူ့ ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားတွင် သရက်မြို့ ရွှေဘုံသာရပ်ကွက် နတ်စင်လမ်းနေ ကွယ်လွန်သူ ဦးမြင့်သန်း၏ ခြောက်လပြည့်အား ရည်စူး၍ မိသားစုနှင့် ညီအစ်ကို မောင်နှမများက ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ သရက်ခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာညွန့်ရွှေ အောင်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ် ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**




## ပျော်ဘွယ်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တွေ့ဆုံပွဲပြုလုပ်၊ ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့

**မန္တလေး ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ် မြို့နယ် မီးသတ်ဦးစီးဌာနရုံးတွင် မေ ၂၉ ရက် နံနက် ၁၂ နာရီ က မြို့နယ် နယ်မြေတပ်ဖွဲ့ဝင်များ နှင့် မိသားစုဝင်များ တွေ့ဆုံ ဆွေးနွေးခြင်း၊ ကျောင်းသုံးစာရေး ကိရိယာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား ပြုလုပ်ခဲ့ကြသည်။



အဆိုပါအခမ်းအနားတွင် ပျော်ဘွယ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မျိုးနှင့် ဦးစီးအရာရှိများ က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်း၊ မူလတန်းကြို တက် ရောက်ပညာသင်ကြားမည့် တပ်ဖွဲ့ ဝင်မိသားစုများ၏ သား၊ သမီး များအား စာရေးကိရိယာ(ကျောင်း သုံးဗလာစာအုပ်နှင့် ကွန်ပါဘူး) များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)(၀၅၇)**

## မီးသတ်အထောက်အကူပြုယာဉ် ဝယ်ယူရန် အလှူငွေ လှူဒါန်း

**မန္တလေး ဇွန် ၁**

မန္တလေး၊ အောင်မြေသာစံ မြို့နယ်၊ သီရိမာလာအရှေ့ အရန် မီးသတ်စခန်းအတွက် မီးသတ် အထောက်အကူပြုယာဉ် ရေ ဘောက်ဆာကား ဝယ်ယူနိုင်ရန် အတွက် အလှူငွေလှူဒါန်းခြင်း ကို မေ ၂၈ ရက် နံနက် ၉နာရီ က ၈၇လမ်း၊ ၂၃လမ်းနှင့်၂၄ လမ်းကြားရှိ အဆိုပါ မီးသတ် စခန်းတွင် ကျင်းပခဲ့သည်။




အဆိုပါ မီးသတ်အထောက် အကူပြုယာဉ် ရေဘောက်ဆာ ဝယ်ယူနိုင်ရေးအတွက် အလှူရှင် Capital Diamond Star Foundation(ဒုံးပုံကျုံစက်) မိသားစုက ငွေကျပ်သိန်း ၈၀၀ အား လှူဒါန်း ရာ သီရိမာလာအရှေ့ အရန် မီးသတ်စခန်းမှ တပ်ကြပ်ကြီး စိုပြေက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ် ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)(မိုးသီး)**

## မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသောဒေသခံပြည်သူများအား ငွေနှင့် ပစ္စည်းများပေးအပ်

**မြစ်သား ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သား မြို့နယ်တွင် မြန်မာနိုင်ငံ ကြက် ခြေနီအသင်းမှ မန္တလေးငလျင် လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံး သွားသော ဒေသခံ လူနေအိမ် ပြိုကျပျက်စီးခဲ့သည့်အိမ်ထောင်စု များအတွက် ငွေနှင့် ပစ္စည်းစုံ ပေးအပ်ခြင်းကို ယမန်နေ့ မွန်းလွဲ ပိုင်းက ရွှေမုဋ္ဌောဘုရားဝင်း အတွင်းရှိ မဟာအတုလဝေယံ ဘုံမြင့်ဓမ္မာရုံ၌ ကျင်းပသည်။

မြန်မာနိုင်ငံကြက်ခြေနီ အသင်းအနေဖြင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူ အညီများ ဆောင်ရွက်ပေးလျက် ရှိရာ ငလျင်ဘေးသင့် အကျိုး ခံစားခွင့်ရှိသူများအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါ်ရီရီတင် ဦးဆောင် သည့် မန္တလေး၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ငလျင်ဘေး တုံ့ပြန်ညှိနှိုင်းမှုအသင်းမှ ဦးချမ်း မြေ့ထွန်းနှင့် တပ်ဖွဲ့ဝင် ၁၂ ဦး တို့က မြစ်သားမြို့ပေါ်(၆)ရပ်ကွက် ရှိ ငလျင်ဘေးသင့်အိမ်ထောင်စု ၂၇၇ စုအား အိမ်ထောင်စုတစ်စု လျှင် ငွေကျပ် ၅၀၀၀၀၊ မိသားစု သုံးပစ္စည်းများဖြစ်သော စောင်၊ ခြင်ထောင်၊ ကလေးအဝတ်အစား၊ သွားတိုက်ဆေး၊ သွားတိုက်တံပါ ဖာတစ်ဖာ၊ မိုးကာချပ် နှစ်ချပ် တို့အား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့ရာ မြို့နယ်ကြက်ခြေနီ အဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်ဦး၊ တပ်ခွဲ မှူး ဦးထက်ထက်ဟန်၊ မြို့နယ် ကြက်ခြေနီအဖွဲ့ဝင်များနှင့် မြို့ပေါ် (၆)ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ် ရေးမှူးများမှ အနီးကပ်ကြီးကြပ် ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

*– *– *– *– *

## မြန်မာ့အာမခံလုပ်ငန်းမှ မီးနှင့် မြေငလျင်ဘေးဒဏ်အကာအကွယ်ဖြင့် အာမခံထားရှိသူများအား အမြန်ဆုံး လျော်ကြေးငွေ ပေးအပ်

**မန္တလေး ဇွန် ၁**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာန၊ မြန်မာ့အာမခံလုပ်ငန်းတွင် မီးနှင့်မြေငလျင်ဘေးဒဏ် အကာ အကွယ်ဖြင့် အာမခံထားရှိခဲ့သော အစိုးရဌာနများ၊ လုပ်ငန်းရှင်များ နှင့် ပြည်သူများပိုင် အဆောက် အအုံ၊ စက်ပစ္စည်းနှင့် ကုန်ပစ္စည်း များ ပျက်စီးဆုံးရှုံးမှုများကို စိစစ် တွက်ချက်၍ အမြန်ဆုံး လျော် ကြေးငွေများ ပေးအပ်လျက်ရှိ သည်။မန္တလေးမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား နီးစပ် ရာ မြန်မာ့အာမခံလုပ်ငန်းရုံးခွဲများ သို့ ဆက်သွယ်၍ လျော်ကြေး တောင်းခံစာများ ပေးပို့ကြရန် အသိပေးထားသည်။

မန္တလေးမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော မြို့များရှိ ငလျင်ဘေးအပါအဝင် မီးအာမခံထားရှိခဲ့သော ပြည်သူ များအား မြန်မာ့အာမခံလုပ်ငန်း မှ တာဝန်ရှိသူများက သွားရောက် ခဲ့ပြီး လျော်ကြေးငွေများပေးအပ် လျက်ရှိရာ မေ ၂၈ ရက်က မီး အာမခံနှင့်အတူ မြေငလျင်အကာ အကွယ်ယူအာမခံထားသော ဒေါ်နွယ်နီအေး(ပိုင်) အဆောက် အအုံသည် အင်အားပြင်းထန် သော မြေငလျင်ကြောင့် တစ်စိတ် တစ်ဒေသပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးငွေကျပ် ၁၀၁၆၂ ဒသမ ၂၉ သိန်းအားလည်း ကောင်း၊Golden Key Co,Ltd (ပိုင်)အဆောက်အအုံသည် အင် အားပြင်း ငလျင်ကြောင့် တစ်စိတ် တစ်ဒေသပျက်စီးမှုအတွက် လျော် ကြေး ငွေကျပ် ၁၆၁၁ ဒသမ ၉၇ သိန်းအား ပေးအပ်ခဲ့သည်။မြန်မာ့ အာမခံလုပ်ငန်းအနေဖြင့် ပြည်သူ များမှ ယုံကြည်စွာ အာမခံထား ရှိမှုအပေါ် အလေးထား၍ လျော် ကြေးများကို အချိန်မဆိုင်းဘဲ ပေးလျော်လျက်ရှိကြောင်း သိရ သည်။ **(အောက်ပုံ)**

**(၀၄၅)**



မျက်စိလှူကြ ၊ မျက်ကြည်ရ
မြတ်သည့် လှူဒါန ။

# ဥယျာဉ်မှူး မြတ်ဆရာ




မြန်မာမှုနယ်ပယ်တွင် နုနယ်ငယ်ရွယ်ပျို့မြစ်သော လူငယ်ကလေးများကို ဖူးငုံသစ်စပန်းပမာ နှိုင်းယှဉ်တင်စားကြသည်။ လူငယ်ကလေးများသည် ပန်းနုယ်ပွင့်လန်း၍ ပန်းနုယ်နုစ်သက်စဖွယ် လှပတင့်တယ်ကြသည်။

စာသင်ကျောင်းသည် ပန်းနုယ်ငယ်နုသော လူငယ်များကို ပြုစုပျိုးထောင်ရာ ဥယျာဉ်ကြီးဖြစ်၏။

ဆရာဟူသည် ကျောင်းဥယျာဉ်ကြီးထဲမှာ ပန်းနုယ်ငယ်နုသော ကလေးများကို ရုပ်ပိုင်းရော စိတ်ပိုင်းပါ မထိမိ၊ မခိုက်မိစေရန် အန္တရာယ်အသွယ်သွယ်မှ ကာကွယ်စောင့်ရှောက်ရုံသာမက စိတ်ထားအလှ၊ စေတနာအလှ၊ မေတ္တာအလှတို့နှင့် ရေလောင်းပေါင်းသင် မြေဆွ၍ ပညာပြည့်ဝ နှလုံးလှခြင်းဖြင့် သင်းပျံ့သောရနံ့ပါ မွှေးကြိုင်အောင် ပြုစုပျိုးထောင်ကြရသည်။

ထို့ကြောင့် ဆရာတို့သည် 'ပန်းများပွင့်စေ၊ မွှေးစေသူများ' ဖြစ်ကြသည်။ လူသားများအတွက် ဆရာ့ဘဝအရေးပါအရာရောက်မှုနှင့် မြင့်မြတ်မှုဂုဏ်သိက္ခာကို တန်ဖိုးထားလေးစား၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကြီး၏ လုပ်ငန်းခွဲများဖြစ်သော-

(က) **ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့**(UNESCO)

(ခ) **ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်** (UNDP)

(ဂ) **နိုင်ငံတကာ အလုပ်သမားအဖွဲ့** (ILO)

(ဃ) **ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့** (UNICEF) တို့က ၂၀၀၂ ခုနှစ်မှစတင်၍ နှစ်စဉ် အောက်တိုဘာလ ၅ရက်ကို ကမ္ဘာ့ဆရာများနေ့(WORLD TEACHER's DAY)အဖြစ် သတ်မှတ်ခဲ့ကြသည်။

'အေးချမ်းသာယာလှပသော ကမ္ဘာကြီးဖြစ်လာရန် အလင်းတံခါးဖွင့်ပေးသူမှာ တို့ဆရာ(Teachers Opening Doors to a better world)' ဆောင်ပုဒ်ဖြင့် ဂုဏ်ပြုပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးဖြစ်သည့် လူသားအရင်းအမြစ် ပျိုးထောင်ရေးတွင် ပဓာနကျသော ဆရာများ၏တန်ဖိုးကြီးမားပုံ ပေါ်လွင်ထင်ရှားလာစေရန်။ ဆရာများ၏ဂုဏ်ရည်ကျင့်ဝတ်သိက္ခာနှင့် ဂုဏ်ကျေးဇူးတို့ကို ဖော်ကျူးဂုဏ်ပြုနိုင်ရန်။ ပစ္စုပ္ပန်နှင့်အနာဂတ်ကာလတို့တွင် လူ့ဘောင်အဖွဲ့အစည်းကြီးက လိုလားအပ်သည့် သားကောင်းရတနာများပေါ်ထွက်လာရေးအတွက် ပုံဖော်ပေးမည့် ဆရာကောင်း၊ ဆရာမြတ်များ ကမ္ဘာအနှံ့အပြား၌ ပေါ်ပေါက်လာစေရန် ရည်ရွယ်ထားရှိသည်။

လူသည် ဇီဝအားဖြင့် အခြားသောသတ္တဝါများထက် အသိဉာဏ်ပိုမိုကြီးမားသူဖြစ်သော်လည်း စားဝတ်နေရေးအတွက် သင်ယူမှုနှင့်ကင်းပြီးနေ၍ရသော သတ္တဝါမဟုတ်ချေ။ ပတ်ဝန်းကျင်လောကသည် အစဉ်ပြောင်းလဲတိုးတက်နေသည်ဖြစ်ရာ ထိုပြောင်းလဲမှုများကို ထပ်၍ ထပ်၍ သင်ယူရသဖြင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူသော ဆရာများဖြစ်တည်လာခဲ့ကြသည်။ သင်ဆရာသည် ပညာပေးရာ၌ အထိရောက်ဆုံးဖြစ်သဖြင့် ယနေ့ပညာရေးနယ်ပယ်တွင် သင်ပြသူ၊ သင်ပေးသူ ဆရာသည် ထိုက်ထိုက်တန်တန် ရှိလှပေသည်။ ကမ္ဘာပေါ်၌ ဆိုကရေးတီးစ်၊ ပလေတို၊ အရစ္စတိုတယ်လ်ဆိုသည့် ပုဂ္ဂိုလ်များသည် ခရစ်တော်မပေါ်မီ ဘီစီ(၄)ရာစုတွင် ထင်ရှားသော ပညာရှင်ဆရာများဖြစ်ကြသည်။ သူတို့၏ အဆိုအမိန့်လမ်းညွှန်ချက်တို့သည် နှစ်ပေါင်းထောင်ချီကြာညောင်းခဲ့သော်လည်း ယနေ့တိုင်ခေတ်မီဆဲ၊ အသုံးဝင်ဆဲ ဖြစ်ကြသည်။ ဆက်လက်၍ ဖော်လ်တိုင်းယား၊ ရူးဆိုး၊ ပတ်စတာလိုဇီ၊ ဂျွန်လော့ခ်၊ ကွန်မီးနီးယပ်စ် စသော ဆရာကောင်း၊ ဆရာမြတ်တို့သည် (၁၇)ရာစုမှ (၂၀)ရာစုနှစ်များအတွင်း ကမ္ဘာ့လူသားများအတွက် ပညာဟူသော အဓိပ္ပာယ်နှင့်တကွ ပညာသင်ကြားရနည်းလမ်းများကို ကြံဆညွှန်ပြသွားကြသူ ပညာရှင်ဆရာမြတ်များ ဖြစ်ကြသည်။

မြန်မာတို့သည် ဆရာဖြစ်သူများမှ ဂေါတမဗုဒ္ဓ ပွင့်တော်မူစဉ်ကာလပင် လေးစားရှိသေအပ်သော ပုဂ္ဂိုလ်ကြီးများအဖြစ် သိရှိခံယူထားရှိပါသည်။ **'သတ္ထာဒေဝ မနုဿာနံ'**(လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား) **'အာစရိယဂုဏော အနန္တော'** အနန္တော အနန္တငါးပါးတွင် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာဟု အစဉ်အလာကောင်းစွာ ရှိသေထားရှိခဲ့ကြပါသည်။ ကြီးကျယ်မြင့်မြတ်သော အနန္တဂိုဏ်းဝင် သူတော်စင်များ၊ ပုဂ္ဂိုလ်မြတ်များအဖြစ် ခိုင်မာစွဲမြဲစွာ တည်လျက်ရှိနေသည်။

ဆရာဟူသောဝေါဟာရသည် ပါဠိဘာသာ 'အာစရိယ'၊ သက္ကတဘာသာ 'အာစရ'ဟူသော ဝေါဟာရများမှ ပြောင်းလဲဆင်းသက်လာသည်ဟု မှတ်သားရပါသည်။ အချို့က ပါဠိဘာသာ'ဆာယာ'အရိပ်မှ ဆင်းသက်လာသည်။ တပည့်များအတွက် အရိပ်သဖွယ် မှီခိုအားထားရာဖြစ်၍ 'ဆရာ'ဟူ၍ဟု ဆိုသည်။

မြန်မာအဘိဓာန်တွင် ဆရာဟူသောဝေါဟာရကို ဖွင့်ဆိုရာတွင်···

၁။ ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမနည်းလမ်းပြသူ၊

၂။ အတတ်၊ လုပ်ငန်းတစ်ရပ်ရပ်တွင် ကျွမ်းကျင်သူ၊

၃။ ယဉ်ကျေးသမှုဖြင့် ခေါ်သောစကားလုံးဟု ရေးသားဖော်ပြထားပါသည်။

ဆရာအကြောင်း ရေးသားဖော်ပြလျှင် ဆရာတို့ပညာသင်ပေးရာနေရာဌာနများအကြောင်းကိုလည်း တင်ပြလိုပါသည်။ ခေါမ၊ ရောမခေတ်ကောင်းစားစဉ်ကာလကပင် ဆိုကရေးတီးစ်၊ ပလေတို၊ အရစ္စတိုတယ်လ်တို့သည် တပည့်များအား စာပေပညာသင်ကြားပေးရာဌာန၊ ကျောင်းများကိုတည်ထောင်ခဲ့ကြသည်။ သူတို့၏အကယ်ဒမီ သိပ္ပံကျောင်းကြီးများသည် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့ကြသည်။

ကမ္ဘာ့ရှေးအကျဆုံးတက္ကသိုလ်(တက္ကသီလာ)သည် ဘီစီ ၈ရာစုတွင် ထင်ရှားကျော်ကြားခဲ့သော အာရှမှ ကျောင်းတော်ကြီး ဖြစ်ပါသည်။ တက္ကသီလာ(ခေါ်)တက္ကသိုလ်ဆိုသော်လည်း မြို့တစ်မြို့ပမာရှိခဲ့ပြီး ပါကစ္စတန်နိုင်ငံ၊ ပန်ဂျပ်ပြည်နယ်၊ ရာဂါပင်ဒီမှာ တည်ရှိသည်။ ရှေးအခါကမူ ထိုနေရာသည် ဂန္ဓာရတိုင်း၏ မြို့တော်ဖြစ်ပြီး ထင်ရှားကျော်ကြားခဲ့၏။ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၈၀၀ ခန့်ကတည်းက ရှိခဲ့သည်။ ရှေးရာဇဝင်ပုံပြင်များ၌ မင်းညီမင်းသားများသည် တက္ကသိုလ်ပြည်သို့ သွားရောက်ပညာသင်ယူကြသည်ဟု ဖော်ပြကြ၏။ တက္ကသီလာ(Taxila၊ Taksasila)၏အဓိပ္ပာယ်မှာ' ဖြတ်ထားသည့် ကျောက်တုံးများနှင့် တည်ဆောက်သည့်မြို့'ဟု ဆိုပါသည်။

တက္ကသီလာ(Taxila) = တက္ကသီလ(ပါဠိ) စကားဖြစ်ပြီး တက္က-ယုတ်လျော့သည်ကို ဖြည့်ဆည်းခြင်း။

သီလ-အလေ့ဖြစ်သောကြောင့် ယုတ်လျော့သည်ကိုဖြည့်ဆည်းပေးလေ့ရှိသည်။ နေရာ-ပညာဖြည့်ဆည်းပေးလေ့ရှိသောနေရာဟု ဆိုလိုပါသည်။ တချို့ကလည်း တက္က-ကြံစည်ခြင်းဟု အဓိပ္ပာယ်ဖွင့်၍ ကြံစည်စဉ်းစားသည့် အလေ့အထရှိသောနေရာဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုကြ၏။

' တက္ကသီလာ' တက္ကသိုလ်ကို ကမ္ဘာအနှံ့က ကျောင်းသားပေါင်း ၁၀၀၀၀ ဝန်းကျင်ခန့်လာရောက်၍ ကျောင်းတက်ကြသည်။ ဘေဘီလုံ၊ ဂရိ၊ ဆီးရီးယားနှင့် တရုတ်နိုင်ငံများမှ ကျောင်းသားအများဆုံး ကျောင်းတက်ခဲ့ကြသည်။ ကျောင်းသားသစ်သည် အသက် ၁၆ နှစ်ရှိရမည်ဟု သတ်မှတ်ထားသည်။

အဋ္ဌာရသ(၁၈)ရပ် အပါအဝင် ဘာသာပေါင်း ၆၀ကျော်ကို သင်ကြားပေးခဲ့သည်။ တက္ကသိုလ်ကျောင်းဝင်းမှာ အလျား တစ်မိုင်၊ အနံ မိုင်ဝက်ခန့်ကျယ်ဝန်းသည်။ စာသင်ခန်းပေါင်း ၃၀၀ ခန့်ရှိခဲ့ပြီး စာသင်ခုံအတွက် ကျောက်တုံးများကို အသုံးချခဲ့ကြသည်။

တက်ရောက်ခဲ့သည့် ကျောင်းသားများတွင် အသောကမင်းကြီး၏လက်ရုံး ကောတိလ(Kautilya)ပညာရှိ ကောသလမင်း(Prasen-ajiti)ဗုဒ္ဓ၏ ဆေးဆရာဇီဝက(Jivaka)တို့ ပါဝင်ခဲ့ကြသည်။

တက္ကသီလာသည် နှစ်ပေါင်း ၁၀၀၀ ကျော်ခန့် ခမ်းနားကြီးကျယ်စွာရပ်တည်ခဲ့သည်။ အေဒီ ၅ ရာစုဝန်းကျင်၌ ရှေးဟောင်းဂရိနယ်မြေ Hindu Kush ကို ကျော်ဖြတ်၍ ဂျပန်ပြည်သို့ ဝင်ရောက်လာသော Huns လူမျိုးများက ဖျက်ဆီးခြင်းကိုခံခဲ့ရသည်။ တိမ်မြုပ်ခဲ့ရ၏။

၁၉ ရာစု အလယ်ပိုင်း၌ ရှေးဟောင်းသုတေသနပညာရှင် 'အလက်ဇန္ဒားကာနင်ဟမ်'သည် တက္ကသီလာ၏အပျက်အစီးများကို ပြန်လည်ရှာဖွေဖော်ထုတ်ခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် ယူနက်စကိုက ကမ္ဘာ့အမွေအနှစ် စာရင်းဝင် သတ်မှတ်ခဲ့၏။ လက်ရှိအချိန်တွင် ပါကစ္စတန်နိုင်ငံ၏ ခရီးသွားလာရောက်လည်ပတ်သူ အများဆုံးနေရာအဖြစ် တည်ရှိလျက်ရှိချေသည်။

ယနေ့အချိန်အခါများတွင် စာသင်ကျောင်းသည် မြို့ရွာတို့၏ မျက်နှာစာသာယာလှပသောနေရာများမှာ တည်ရှိတတ်ကြသည်။ အဆောက်အအုံမှစ၍ လှပသေသပ်စွာနှင့် လေဝင်၊ လေထွက်မှန်ကန်အောင်၊ ကျန်းမာသန့်ရှင်းအောင် စီစဉ်ဆောင်ရွက်ထားကြပါသည်။ စာသင်ကျောင်းမှာ နှစ်လိုဖွယ်မင်္ဂလာရှိသောနေရာဖြစ်သည်။ နုနယ်လန်းဆန်းသည့် ပန်းကလေးများနှင့်တူသော ကလေးလူငယ်များနှင့်ပေါင်းစပ်သော် အကောင်းဆုံးပန်းဥယျာဉ်ကြီး ဖြစ်ပေသည်။

ယနေ့ခေတ်သည် ပညာခေတ်(Knowledge Age)ဖြစ်သည်။ ကမ္ဘာသူ၊ ကမ္ဘာသားများ၏ ဘဝဖြစ်စဉ်သည် အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်နေသည်။ ထိုအရှိန်အဟုန်နှင့်အတူ လူသားတို့၏ ပညာသင်ယူမှုဖြစ်စဉ်(Learning Process)သည်လည်း အတူထက်ကြပ်မကွာ လိုက်ပါရန် လိုအပ်နေပေပြီ။ ထိုအခါ ဆရာတို့၏အခန်းကဏ္ဍမှာ ကျယ်ဝန်းလှသည်၊ ကောင်းသောကိုယ်ကျင့်သိက္ခာရှိခြင်း၊ ကောင်းသောအတွေးအမြင် အယူအဆရှိခြင်း၊ ကောင်းစွာလေ့ကျင့်သင်ယူပြီးသော ဆရာအတတ်ပညာရှိခြင်းဟူသော 'အရှိသုံးမျိုး'နှင့် မိမိ၏ဆရာဘဝ၊ ဆရာအဖြစ်ကိုသိခြင်း၊ မိမိ၏တပည့်များကိုသိခြင်း၊ မိမိသင်ကြားရမည့် အကြောင်းအရာဘာသာရပ်ကိုသိခြင်းဟူသော 'အသိသုံးမျိုး'မှာ ဆရာတိုင်းပြည့်စုံ(မဖြစ်မနေ)ကြရမည်။

ခေတ်နှင့်အညီ ခေတ်ကတောင်းဆိုလျက်ရှိသော ဆရာဖြစ်ရန် အရှိနှင့်အသိတိုးရန် လိုအပ်သဖြင့်-

(၁) ယနေ့ကမ္ဘာနှင့်အဝန်း ခေတ်စားနေသော သတင်းနှင့်ပြန်ကြားရေးနည်းပညာ(IT)၊ ပြန်ကြားရေးနှင့်ဆက်သွယ်ရေးနည်းပညာ(IWT)၊ အီလက်ထရောနစ်ပညာရေး(e-Education)တို့၏ အရေးပါမှုအပေါ်သိရှိရန် ကွန်ပျူတာ(Computer)ကို ကောင်းစွာအသုံးပြုတတ်သည့်အရည်အချင်းရှိသူ ဖြစ်ရမည်။

(၂) ပညာခေတ်ကြီးတွင် လူလားမြောက်ကြီးပြင်းလာကြမည့် မိမိ၏တပည့်ကလေးများသည် ခေတ်မီနားလည်တတ်ကျွမ်းအပ်သည့် နည်းပညာများတတ်မြောက်သည့် အားထားလောက်သော အနာဂတ်သားကောင်းရတနာများ ဖြစ်လာနိုင်သည်ကို ကောင်းစွာသိသူဖြစ်ရမည်။ တစ်နည်းဆိုသော် ဆရာတို့သည် (၁)စာပေပညာရည်အဆင့်အတန်း(ACADEMIC)၊ (၂)ဆရာအတတ်ပညာ(PROFESSIONAL)၊ (၃)ဆရာ့အကျင့်သိက္ခာ(ATT-ITUDINAL)တို့နှင့် ပြည့်ဝကုံလုံနေမှသာ ခေတ်က လက်ကမ်းကြိုဆိုနေသော ဆရာကောင်းများဖြစ်လာနိုင်ပါမည်။ 'ယနေ့လူငယ်တို့သည် နောင်ဝယ်လူကြီးဖြစ်လိမ့်မည်။' ယနေ့ လူငယ်တို့ အသိပညာ၊ အတတ်ပညာထူးချွန်တိုးတက်မှ ထိုလူငယ်များ ဦးဆောင်မည့် အနာဂတ်လူ့ဘောင် အေးချမ်းသာယာလှပမည်။ ဆရာများသည် အနာဂတ်ကို ကြီးကျယ်ခမ်းနားအောင် ပန့်ကန်ချနေသည့် အကြီးကျယ်ဆုံးသော ဗိသုကာပညာရှင်များဟုဆိုပါက လွန်အံ့မထင်ပါပေ။

ထို့ကြောင့် ပန်းများပွင့်စေ၊ မွှေးစေသူ'ဥယျာဉ်မှူး မြတ်ဆရာ' တို့အား ဤဆောင်းပါးဖြင့် ရိုသေလေးစားစွာ ဂါရဝပြုအပ်ပါသည်။

စာကိုး
- ကမ္ဘာ့နေ့ကြီးရက်ကြီးများ (ဦးဝမ်ထိန်)
- ပန်းများပွင့်စေ၊ မွှေးစေသူ (လယ်တွင်းသားစောချစ်)
- အင်တာနက်၊ Source-Thutagome # တက္ကသီလာ

နွေးထွေး(ပုသိမ်ကြီး)

## ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် သတင်းရေးသားနည်း သင်တန်းဖွင့်လှစ်

**ပြင်ဦးလွင် ဇွန် ၁**

ဝန်ထမ်းများ သတင်းရေးသားနည်း တိုးတက်စေရန်နှင့် သတင်းဗီဒီယိုများ ရိုက်ကူးတည်းဖြတ်ရာတွင် စနစ်တကျရှိစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) တွင် သတင်းရေးသားနည်းသင်တန်းကို ယမန်နေ့ နံနက် ၁၁ နာရီက စတင်ဖွင့်လှစ်သည်။



သင်တန်းဖွင့်ပွဲတွင် သင်တန်းနည်းပြအဖြစ် မန္တလေးခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်က ပြင်ဦးလွင်ခရိုင်ရုံးမှ ဝန်ထမ်းများအား သတင်း၏ အခြေခံဖွဲ့စည်းတည်ဆောက်ပုံ၊ သတင်းတည်းဖြတ်ခေါင်းစဉ်တပ်ခြင်း၊ သတင်းရေးသားပုံ၊ ရေးသားနည်း၊ သတင်းတစ်ပုဒ်ရေးသားရာတွင် လိုက်နာရမည့်အချက်များနှင့် သတင်းဓာတ်ပုံတည်းဖြတ်ခြင်း အစရှိသော အကြောင်းအရာများကို သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါသတင်းရေးသားနည်းသင်တန်းကို မေ ၃၀ ရက်မှ ၃၁ရက်အထိ နံနက် ၁၁ နာရီမှ ၁၂ နာရီအထိ နှစ်ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ပြီး ပြင်ဦးလွင်ခရိုင်ရုံးမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၃ ဦး ပါဝင်တက်ရောက် သင်ကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**သွေးသွေး(ခရိုင်ပြန်/ဆက်)**

o-o-o-o-o-o-o-o

## Gread-12 ပြန်လည်ဖြေဆိုကြမည့် ကျောင်းသားများအား ကိုဗစ် ၁၉ ရောဂါကာကွယ်ဆေး (pfizer)များ ထိုးနှံပေး

**မန္တလေး ဇွန် ၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် Gread-12 ပြန်လည်ဖြေဆိုကြမည့် ကျောင်းသားများအား စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိရာ အဆိုပါ ကျောင်းသား၊ ကျောင်းသူများအား ကိုဗစ် ၁၉ ရောဂါကာကွယ်ဆေး(Pfizer) များ ထိုးနှံပေးခြင်းကို မေ ၃၀ ရက်က မြို့နယ်အတွင်းရှိ စခန်းအသီးသီးတွင် ထိုးနှံပေးကြသည်။

အဆိုပါ ကိုဗစ် ၁၉ ရောဂါကာကွယ်ဆေး (Pfizer)များ ထိုးနှံပေးရာတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဇေရာထက် ဦးဆောင်သော လက်ထောက်ဆရာဝန်များ၊ သူနာပြုများက မန္တလေး၊ မဟာအောင်မြေခရိုင် ချမ်းမြသာစည်မြို့နယ်ရှိ အထက (၇)၊ အထက (၃၀)နှင့်အထက (၃၄)တို့တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူ ၁၂၀ ဦး၊ ဆရာ၊ ဆရာမ ၂၂၃ ဦး၊ စုစုပေါင်း ၃၄၃ ဦးတို့အား ကိုဗစ် ၁၉ ရောဂါကာကွယ်ဆေး (Pfizer)များ ထိုးနှံပေးကြကြောင်း သိရသည်။

(၀၉၃)

o-o-o-o-o-o-o-o



## မိုးစေ့ထုတ်ပြောင်းများ စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

**မိုင်းယု ဇွန် ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယုမြို့တွင် မိုးစေ့ထုတ်ပြောင်းများကို မိုးဦးကျပြီးနောက် စတင်စိုက်ပျိုးလျက်ရှိရာ ယခုအခါမိုးစေ့ထုတ်ပြောင်းများ စိုက်ပျိုးမှုမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မိုင်းယုမြို့ရှိ ဒေသခံတောင်သူများမှာ ပြောင်းကို တန်ခူးလဆန်းပိုင်း (သင်္ကြန်မိုးဦး)ကျသည်နှင့် စတင်စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသည့် မျိုးများမှာ Cp.888၊ ယိုးဒယား 288၊ F.888 နှင့် Cp.222 မျိုးများဖြစ်ပြီး ၎င်းမျိုးများမှာ အထွက်နှုန်းပိုကောင်း၍ တောင်သူများကြိုက်နှစ်သက်သည့် ပြောင်းမျိုးစေ့များဖြစ်ကြောင်း၊ အစေ့ထုတ်ပြောင်းကို မိုးရာသီနှင့် ဆောင်းရာသီဟူ၍ တစ်နှစ်လျှင် နှစ်ရာသီသာ စိုက်ပျိုးလျက်ရှိပြီး မိုးရာသီကိုသာ အဓိက အများဆုံး အားထားစိုက်ပျိုးလျက်ရှိကြသည်။

မိုင်းယုမြို့၏ ၂၀၂၄ ခုနှစ်၊ နောက်ဆုံး ဆောင်းရာသီစိုက် အစေ့ထုတ်ပြောင်း အခြောက်တစ်ကီလိုလျှင် ငွေကျပ် ၅၂၈(တရုတ်ယွမ် ၁ ယွမ် ၃ ကျော်)ထိ ရရှိပြီး ကီလို ၅၀ ပါ တစ်အိတ်လျှင် ငွေကျပ် ၂၆၄၀၀(တရုတ်ယွမ် ၆၀ ယွမ်) ရရှိခဲ့ကြောင်းနှင့် မိုင်းယုဒေသရှိ တောင်သူများမှာ မိမိတို့တောင်ယာခြံမြေများတွင် ရာသီအလိုက် စီးပွားဖြစ် ပြောင်း၊ ဖရုံ၊ ငရုတ်နှင့် ပဲတောင့်ရှည်များကို အဓိက အားထားစိုက်ပျိုးလျက်ရှိပြီး တစ်ပိုင်တစ်နိုင် အသီးအနှံများဖြစ်သည့် ကြက်သွန်၊ ပဲပုပ်၊ မြေပဲ၊ မုန်ညင်း၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ရွှေပဲရွက်၊ သခွားပင်နှင့် ခရမ်းချဉ်တို့ကို အနည်းငယ်စီ စိုက်ပျိုးကာ ဒေသတွင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## မျိုးဆက်ပွားကျန်းမာရေးအကြောင်း အသိပညာပေးဟောပြော

**မိုင်းနောင် ဇွန် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းနောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမတွင် ဆယ်ကျော်သက်များအား မျိုးဆက်ပွားကျန်းမာရေးအကြောင်း အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှဲ့လှဲ့ရီက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းမီးက ဆယ်ကျော်သက်များအား မျိုးဆက်ပွားကျန်းမာရေးအကြောင်း ဟောပြောကာ အထက်တန်းသူနာပြု ဒေါ်နန်းမိညိုက အမျိုးသမီးငယ်များနှင့် ကူးစက်ရောဂါများအကြောင်းကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ငလျင်ဘေးသင့် သီလရှင်ကျောင်းများသို့ ဆန်အိတ်များ လှူဒါန်း

**မန္တလေး ဇွန် ၁**

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ ဘာဝနာဌာန၊ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဆရာတော်၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် နာယကဆရာတော် ဘဒ္ဒန္တတိက္ခအတိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သောအဖွဲ့သည် လာရောက်လှူဒါန်းကြသည့် ကုသိုလ်ရှင်တို့၏ ကိုယ်စား မေ ၂၇ ရက်၊ နံနက် ၁၀ နာရီခွဲက စစ်ကိုင်းတောင်ရိုး သမ္ဗုဒ္ဓာရာမ တိုက်သစ်ကျောင်းဝင်းအတွင်းရှိ သီလရှင်ကျောင်းနှင့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် ဥက္ကဋ္ဌကိုယ်စား အသင်းကော်မတီဝင်တို့က အသီးသီးပေးလှူခဲ့သည်။

တာဝန်ရှိသူ မြို့နယ်သီလရှင်ဆရာလေးက ပြောကြားရာတွင် ဆန်အိတ် ၁၀၀ ကို တက္ကသိုလ်တောင်အုပ်စုက ၅၇ ကျောင်း၊ ရွှေဟင်္သာအနောက် အုပ်စုက ၃၁ ကျောင်း၊ သာသနာ့ ပါလအုပ်စုက ကိုးကျောင်း၊ ဇေယျာသီရိချောင်က တစ်ကျောင်း၊ မိဂဒါဝုန်ချောင်က တစ်ကျောင်း၊ စန္ဒာရာမချောင်က တစ်ကျောင်း အသီးသီးပါဝင်သည်ဟု သိရသည်။ အသင်းချုပ်အနေဖြင့် ဆန်ခြောက်ပြည်အိတ်များကို လှူဒါန်းကုသိုလ်ပြုရာ (ဒုတိယ)အကြိမ်မြောက် လှူဒါန်းပြီးဖြစ်ကြောင်းနှင့် လှူဒါန်းလိုပါက ဖုန်းနံပါတ် ၀၉- ၉၇၅၇၆၄၃၂၃၊ ၀၉-၄၀၂၆၉၂၅၂၂ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၄၉)

## ရာသီပေါ် ၄က်စွတ်မှိုရောင်းချသူများ ဈေးကောင်းရ

**မောက်မယ် ဇွန် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၌ ရာသီပေါ်၄က်စွတ်မှိုနုတ်ယူရောင်းချသူများ မှို ၁၀ ကျပ်သားကို ငွေကျပ် ၁,၅၀၀ နှုန်းဖြင့် ရောင်းချနေရပြီး ဈေးကောင်းရ၍ အဆင်ပြေလျက်ရှိကြောင်း မှိုရောင်းချသူများထံမှ သိရသည်။

"ဒီဒေသမှာ ၄က်စွတ်မှိုက ကဆုန်လပြည့်ကျော်တာနဲ့ မိုးရွာသွန်းပြီးနောက် နှစ်ရက်လောက်ပူအိုက်ခါစအချိန်မှာ အများဆုံး ထွက်ပေါ်လေ့ရှိပြီး ရှာဖွေနုတ်ယူရတာပါ၊ ယခုလိုမှိုလှိုင်လှိုင်ပေါ်တဲ့အချိန်မှာ မှိုရှာတွေ့များတဲ့နေ့ဆိုရင်တစ်ရက်ထဲ တစ်ပိဿာကျော် ရရှိပါတယ်။ ရွာမှာဖောက်သည်ဈေးက မှို ၁၀ သားကို ငွေကျပ် ၁,၀၀၀နဲ့ ရောင်းချရပါတယ်။ မှိုပေါ်ချိန်ကရက်တိုတော့ ပေါ်ဦးပေါ်ဖျားဆိုရင် ဈေးပိုရ ပြီး တစ်ပိဿာကို ငွေကျပ် ၁၅,၀၀၀ ကျော်အထိ ရောင်းချရပါတယ်။ ဒီမှိုက တစ်နှစ်မှ တစ်ခါပဲပေါ်တာ ဒီနှစ်ဈေးကောင်းရတော့ မှိုရှာရတာ အဆင်ပြေပါတယ်"ဟု နောင်ခမ်းကျေးရွာနေ မှိုနုတ်ရောင်းချသူ နန်းခမ်းအိမ်က ပြောသည်။

"ဈေးထဲမှာ လက်ရှိမှိုပေါက်ဈေးက ရွာဘက်တွေနဲ့မတူဘူး ရွာဘက်ကနေ မြို့ပေါ်ဈေးထဲလာရောင်းရင် မှိုအငုံဆိုရင် တစ်ဆယ်သား ငွေကျပ် ၂,၀၀၀၊ အပွင့်ဆိုရင် ငွေကျပ် ၁,၅၀၀၊ ၅ ပွင့် ၆ ပွင့်အတွဲလိုက်လည်း ရောင်းရာမှာ တစ်တွဲလျှင် ငွေကျပ် ၁,၀၀၀ ရရှိပြီး မှိုလှိုင်လှိုင်ပေါ်ချိန်ဆိုရင် တစ်နေ့ကို ငွေကျပ် ၂၀,၀၀၀၊ ၃၀,၀၀၀ အထိ ရောင်းရပြီး အပိုဝင်ငွေရပါတယ်" ဟု မြို့မဈေးမှ မှိုလာရောင်းချသူ တစ်ဦးက ပြောသည်။

မောက်မယ်မြို့နယ်၌ ဒေသအခေါ်၄က်စွတ်မှိုကို ရာသီစာဟင်းအဖြစ် ကန်စွန်းရွက်၊ ဖရုံရွက်၊ ငရုတ်သီးစိမ်းတို့ဖြင့် ရောယှက်ကာ အရည်သောက်၊ အချို၊ အစပ် အရသာမျိုးစုံကြော်၊ ချက်၍ အများဆုံးချက်စားကြပြီး မှိုပေါ်ချိန်ထွက်ခါစ အငုံအဖူးများကို ဈေးကောင်းပေး၍ဝယ်ယူလေ့ရှိကြောင်း သိရသည်။



(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

# မြစ်ကမ်းရိုးတစ်လျှောက် ကြူပါးပင်နှင့် ကိုင်းကြဲပင်များစိုက်၍ မြစ်ကမ်းပါးပြိုကျမှုကို တားဆီးနိုင်

**ဖောင်းပြင် ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ပိုးစာကုန်းကျေးရွာမြစ်ကမ်းရိုးတစ်လျှောက် ကြူပါးပင်နှင့် ကိုင်းကြဲပင်များကို စိုက်ပျိုးခဲ့ရာ မြစ်ကမ်းပါးပြိုကျမှုကို တားဆီးနိုင်ခဲ့သည်။

ပိုးစာကုန်းကျေးရွာတွင် လွန်ခဲ့သည့် ၂၀၁၇ခုနှစ်က မြစ်ကမ်းပါး ပြိုကျမှုဖြစ်ပေါ်ခဲ့ရာ မြစ်ကမ်းရိုးတစ်လျှောက် ကြူပါးပင်နှင့် ကိုင်းကြဲပင်များ စိုက်ပျိုးပြီး နှစ်နှစ်အတွင်း မြစ်ကမ်းပါးပြိုကျမှုကို တားဆီးနိုင်ခဲ့သည်။

"မြစ်ကမ်းပါးပြိုကျတုန်းကတော့ ရွာသူ၊ ရွာသားတွေပေါင်းပြီး မျှောတိုင်တွေနဲ့ ပိတ်တန်းရိုက်ပြီး ကာကွယ်ခဲ့ကြတယ်။ မြစ်ရေတက်တဲ့အချိန်ဖြစ်နေတော့ ယာယီပဲတားဆီးနိုင်ခဲ့တယ်။ ရေကျချိန်ရောက်တော့ ကမ်းပါးက ထပ်ပြိုခဲ့တယ်။ အဲ့ဒီနောက်မှာ မြစ်ကမ်းရိုးတစ်လျှောက် ကြူပါးပင်နဲ့ ကိုင်းကြဲပင်တွေ စိုက်ခဲ့ကြတာ တဖြည်းဖြည်းနဲ့ အပင်တွေများလာပြီး ကမ်းပြိုတာတွေ ရပ်တန့်ခဲ့ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

ကြူပါးပင်နှင့် ကိုင်းကြဲပင်များကို မြစ်ရေကျချိန် နိုဝင်ဘာလတွင် စတင်စိုက်ပျိုးခဲ့ကြပြီး မြစ်ရေတက်ချိန် ဇွန်လတွင် အပင်များစုဖွဲ့မှုအားကောင်းခြင်းကြောင့် ရေစီးအရှိန်ကို ဟန့်တားနိုင်ပြီး ရေလှိုင်းများကြောင့် ကမ်းပါးတိုက်စားမှုကို တားဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ အပင်၏ အမြစ်များ စုဖွဲ့မှုအားကောင်းသဖြင့် မြေသားလျှောကျမှုကို တားဆီးနိုင်ခြင်းတို့ကြောင့် ကမ်းပါးပြိုကျခြင်းကို ရပ်တန့်စေခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ (၃၉၄)

စိမ်း လန်း စို ပြည် လှပ စေဖို့ သန့် ရှင်း သော ကမ္ဘာ မြေကို စောင့် ရှောက် စို့။

## ပြင်ဦးလွင်ကော်ဖီစီမံကိန်းမြေများ ရောင်းခွန်ပေးဆောင်ရန် ကျန်ရှိနေသူများသို့ အသိပေးကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်ဒေသကော်ဖီစီမံကိန်းမြေလွတ်၊ မြေလပ်၊ မြေရိုင်းမြေနှင့် သစ်တောမြေများအတွင်း ကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့်အား စာချုပ်ပါစည်းကမ်းသတ်မှတ်ချက်နှင့်အညီ စာချုပ်ချုပ်ဆို၍ ခွင့်ပြုပေးခဲ့ရာ အချို့သောလုပ်ငန်းရှင်များသည် မိမိသဘောဆန္ဒအလျောက်ရောင်းချခြင်း၊ ဝယ်ယူခြင်းများ ပြုလုပ်ခဲ့ကြသဖြင့် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းအရှိန်မတုံ့စေရေး ရည်ရွယ်ကာ အထူးကိစ္စတစ်ရပ်အနေဖြင့် ရောင်းခွန်၊ ဝယ်ခွန်ပေးဆောင်ခြင်းအား ခွင့်ပြုကြောင်း သတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့ရာတွင် အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ပြင်ဦးလွင်ကော်ဖီစီမံကိန်းကြီးကြပ်ရေးအဖွဲ့၏ စိစစ်တင်ပြချက်အရ ယခုအချိန်ထိတိုင်အောင် သတ်မှတ်ရောင်းခွန်များအား တာဝန်မဲ့စွာဖြင့် ပေးဆောင်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|---|---|
| (၁) | ဦးရန်လင်း | ၉/ပမခ(နိုင်)၀၈၃၈၅၃ | (၂၈) | ဒေါ်ရှယ်လီမြင့် | ၁၂/ဒဂန(နိုင်)၀၀၄၀၀၆ |
| (၂) | ဦးအောင်ကျော်လှိုင် | ၁၂/မဘန(နိုင်)၁၁၄၁၀၇ | (၂၉) | ဒေါ်စုသက်မြင့် | ၁၃/ကမန(နိုင်)၁၅၀၀၉၆ |
| (၃) | ဦးဇော်ဝင်း | ၁၂/မဘန(နိုင်)၀၈၂၁၁၄ | (၃၀) | ဒေါ်အိအိဖြိုးမြင့် | ၈/မကန(နိုင်)၁၅၀၀၉၇ |
| (၄) | ဦးအောင်ကျော် | ၅/မရန(နိုင်)၀၂၆၀၈၁ | (၃၁) | ဦးမျိုးအောင် | YEU-၀၅၆၅၄၆ |
| (၅) | ဦးမျိုးဝင်းငြိမ်း | ၁၂/မရက(နိုင်)၁၂၂၀၇၀ | (၃၂) | ဒေါ်သန်းသန်း | ၁၂/ဒဂန(နိုင်)၀၀၇၄၄၁ |
| (၆) | ဦးကျော်ဝင်းမော် | ၁၂/သကတ(နိုင်)၁၂၆၉၆၆ | (၃၃) | ဦးခင်ဇော် | ၉/ပဥလ(နိုင်)၀၀၂၃၄၇ |
| (၇) | ဦးထွန်းထွန်း | ၁၂/ဥကတ(နိုင်)၁၂၆၉၄၇<br>KME-၁၅၂၈၃၇ | (၃၄) | ဦးဖြိုးမောင်မောင်ဝင်း | ၉/ပဥလ(နိုင်)၀၀၄၉၃၄ |
| (၈) | ဦးကျော်မြင့် | ၉/မမန(နိုင်)၀၃၈၈၀၃ | (၃၅) | ဦးတိုးဝင်း | ၉/မနမ(နိုင်)၁၁၉၂၁၇ |
| (၉) | ဦးတင့်လွင် | ၉/မမန(နိုင်)၀၇၃၇၃၃ | (၃၆) | ဒေါ်သော်သော်ဇင်စိုး | ၁၂/ကတတ(နိုင်)၀၂၈၃၄၆ |
| (၁၀) | ဦးစိန်လှိုင် | ၁၂/မရက(နိုင်)၀၀၈၂၂၃ | (၃၇) | ဦးထက်ဦးလွင် | ၁၂/ကတတ(နိုင်)၀၃၁၂၀၈ |
| (၁၁) | ဦးကျော်သန်းစိုး | ၁၂/တကန(နိုင်)၁၀၀၁၁၂ | (၃၈) | ဦးသန်းဌေး | ၁၂/စခန(နိုင်)၀၅၃၉၈၁ |
| (၁၂) | ဦးအုန်းမြင့် | ၁၂/ဥကတ(နိုင်)၁၀၁၅၃၈ | (၃၉) | ဦးအောင်မြင့်သူ | ၁၂/ဒဂန(နိုင်)၀၁၁၁၇၂ |
| (၁၃) | ဦးသိန်းဇော် | ၁၂/ဥကတ(နိုင်)၁၄၀၀၈၆ | (၄၀) | ဒေါ်ရင်မာသန့် | ၁၂/လစတ(နိုင်)၀၁၃၁၂၆ |
| (၁၄) | ဦးငွေထွန်း | ၁၁/သတန(နိုင်)၀၀၇၆၂၄ | (၄၁) | ဦးမြင့်စိ | ISM-၅၅၇၁၈၄ |
| (၁၅) | ဦးလင်းအောင် | အိုင်အက်စ်အန်-၅၅၇၈၁၂ | (၄၂) | ဦးဝင်းလွင်ထွန်း | ၉/မမန(နိုင်)၀၈၆၇၈၀ |
| (၁၆) | ဦးဇော်လင်းငြိမ်း | ၇/ရတန(နိုင်)၀၂၆၂၇၀ | (၄၃) | ဦးဝင်းကြည် | ၉/လဝန(နိုင်)၀၁၁၅၇၉ |
| (၁၇) | ဦးသိန်းဝင်းဇော် | ၁/မညန(နိုင်)၀၇၀၅၂၇ | (၄၄) | ဦးတင်အေး | အိပ်ချ်ဇက်အေ-၀၂၈၁၇၈ |
| (၁၈) | ဦးကျော်မျိုးနိုင် | ၁၂/သလန(နိုင်)၀၁၁၁၁၀ | (၄၅) | ဦးအောင်ဇော်လင်း | ၉/မတလ(နိုင်)၀၀၇၈၁၃ |
| (၁၉) | ဦးအောင်သိန်းထွန်း | အို/အာရ်ဂျီအဲန်-၀၀၂၀၉၆ | (၄၆) | ဒေါ်စောရီထွေး | MDY-SE -၀၃၀၈၄၁ |
| (၂၀) | ဦးကျော်လွင် | ၁၄/ပသန(နိုင်)၀၁၀၀၀၈ | (၄၇) | ဦးမြင့်မောင်မောင် | ၉/မရတ(နိုင်)၀၉၄၆၁၇ |
| (၂၁) | ဦးမျိုးမြင့် | အမ်ယူအဲန်-၀၀၉၀၁၉ | (၄၈) | ဦးကျော်ကျော်ဦး | ၁၃/မစတ(နိုင်)၀၄၄၈၇၁ |
| (၂၂) | ဦးမြင့်လွင် | ၉/ညဥန(နိုင်)၁၃၆၆၅၆ | (၄၉) | ဦးရဲမောင် | ၁၃/သပန(နိုင်)၀၀၅၅၆ |
| (၂၃) | ဒေါက်တာစိန်ကျော် | ၅/တစန(နိုင်)၀၅၇၇၁၇ | (၅၀) | ဦးထွန်းထွန်းဦး | အမ်ဂျီဒီအဲန်-၀၁၆၉၃၈ |
| (၂၄) | ဒေါ်ရွှေဇင် | ၁၂/အစန(နိုင်)၀၁၉၈၀၁ | (၅၁) | ဦးမြင့်ဆွေ | ၁၂/အစန(နိုင်)၀၁၇၇၄၁ |
| (၂၅) | ဒေါ်ရွှေမာ | ၉/ဝတန(နိုင်)၁၀၀၂၅၉ | (၅၂) | ဦးထင်မော်ထွန်း | ၁၀/ရမန(နိုင်)၁၇၁၄၇၈ |
| (၂၆) | ဒေါ်အေးမွန်မွန်ကို | ၁၁/မပတ(နိုင်)၀၀၁၁၂၄ | (၅၃) | ဦးမျိုးနိုင် | ၉/မလန(နိုင်)၁၉၅၁၉၈ |
| (၂၇) | ဦးသိန်းနိုင် | ၈/မမန(နိုင်)၁၀၆၂၁၃ | (၅၄) | ဒေါ်ခင်သန်းဆွေ | ၁၂/ဗဟန(နိုင်)၀၄၇၆၄၈ |

၃။ သို့ဖြစ်၍ ရောင်းခွန်ပေးဆောင်ရန် ကျန်ရှိနေသူများအနေဖြင့် ၁၃-၆-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ ရောင်းခွန်ပေးဆောင်ကြရန်နှင့် ပေးဆောင်မှုမရှိပါက မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပြီး စုံစမ်းမေးမြန်းလိုသည်များရှိပါက ခရိုင်ဦးစီးမှူး၊ ပြင်ဦးလွင်ခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာန (ဖုန်း ၀၉-၄၄၄၀၂၂၆၁၂)သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**



# မြန်မာ့ရိုးရာ အမွေအနှစ်တစ်ခုဖြစ်သည့် သနပ်ခါး ဈေးကွက်ခိုင်မာမှုကြောင့် အရောင်းအဝယ်ပုံမှန်လည်ပတ်

**ပခုက္ကူ ဇွန် ၁**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၌ မြန်မာ့ရိုးရာ အမွေအနှစ်တစ်ခုဖြစ်သည့် သနပ်ခါးများ ပြည်တွင်းဈေးကွက်ခိုင်မာမှုကြောင့် အရောင်းအဝယ်ပုံမှန် လည်ပတ်လျက်ရှိကြောင်း မြို့ပေါ်ရှိ ရွှေရည်ဝင်းသနပ်ခါး လက်လီလက်ကားပွဲရုံမှ သိရသည်။

ရွှေရည်ဝင်းသနပ်ခါးပွဲရုံကို လွန်ခဲ့သည့် ၁၉၇၅ခုနှစ်ကတည်းက တည်ထောင်ခဲ့ခြင်းဖြစ်ရာ ယခုဆိုရင် နှစ်ပေါင်း ၅၀ခန့် ရှိနေပြီဖြစ်ကြောင်း၊ သနပ်ခါးကို မြိုင်မြို့နယ်၊ မြောင်းဆည်ကျေးရွာတွင် ကိုယ်ပိုင်ခြံဖြင့် ရှစ်ဧကခန့်စိုက်ပျိုးထားကြောင်း၊ ပွဲရုံတွင် ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ရှင်မတောင်၊ ပေါက်၊ ရွှေဘိုနှင့် အရာတော်ဒေသတို့တွင် စိုက်ပျိုး ထွက်ရှိသည့် သနပ်ခါးများကို လက်ခံဝယ်ယူပြီး သနပ်ခါးအသုံးပြုသည့် ပြည်တွင်းဒေသများ တွင် လက်လီလက်ကားစနစ်ဖြင့် ပြန်လည်ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း ရန်ကုန်၊ ပဲခူး၊ ပြည်၊ မကွေး၊ ပုဂံ-ညောင်ဦးမြို့များ ၌ လက်ကားစနစ်ဖြင့် အဓိက ရောင်းချရကြောင်း၊ လက်ခံ ဝယ်ယူရာတွင် သနပ်ခါးအပင် အကြီး ၄၀၀ ခန့် ပါဝင်သော မော်တော်ယာဉ်တစ်စီးလျှင် ငွေကျပ် သိန်း၂၀မှ သိန်း၃၀နှုန်း၊ အပင်ငယ် ၁၀၀၀ခန့် ပါဝင်သော မော်တော်ယာဉ်တစ်စီးလျှင် ငွေ ကျပ် ၁၀သိန်း၊ ၁၅သိန်းနှုန်းရှိကြောင်း၊ ဝယ်ယူပြီးသည့် သနပ် ခါးပင်များကို နှစ်တောင်စီပိုင်း ဖြတ်၍ အပင်အကြီးအသေး၊ အနုအရင့်ပေါ်မူတည်ပြီး ငွေကျပ် ၁၀၀၀ မှ ၅၀၀၀နှုန်းဖြင့် ပြန် လည်ရောင်းချရကြောင်း၊ သနပ် ခါးကို ငွေကျပ် တစ်သိန်းမှ ငါး သိန်းခန့်အထိ နေ့စဉ်ရောင်းချရ ကြောင်း၊ တစ်လပျမ်းမျှ ငါးသိန်း နှုန်းဖြင့်တွက်လျှင် ငွေကျပ် သိန်း ၁၅၀ခန့် ပုံမှန်လည်ပတ်ဖြန့်ဖြူး ရောင်းချနေရကြောင်း၊ ပွဲရုံဖွင့် ရောင်းချပေးသည့်အတွက် သနပ် ခါး ချစ်မြတ်နိုးသည့် ပြည်သူများ အနေဖြင့် ခြံအရောက်သွားရောက်ဝယ်ယူရသည့်အခက်အခဲများနှင့် မကြုံတွေ့ရသည့်အပြင် သနပ်ခါးကို ဈေးနှုန်းသက်သာစွာဝယ်ယူ ရရှိနိုင်ကြောင်း၊ ပခုက္ကူမြို့၊ အမှတ် (၁၀)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ မဟာဝိသုတာရာမ(အလယ်တိုက်) မြောက်ဘက်ရှိ ရွှေရည်ဝင်းသနပ်ခါး လက်လီလက်ကား ပွဲရုံပိုင်ရှင် ဦးကျော်အောင်က ပြောသည်။

ထို့အပြင် ပခုက္ကူမြို့မဈေးကြီးအတွင်းမှ သနပ်ခါးဈေးသည် တစ်ဦးက "ကျွန်မရောင်းတဲ့သနပ်ခါးက ရှင်မတောင်ဒေသထွက် သနပ်ခါးတွေဆိုတော့ တစ်နေ့ကို ငွေကျပ် ၁၀၀၀၀ဖိုးလောက် ရောင်းရပါတယ်။ အခုနောက်ပိုင်း အလှကုန်ပစ္စည်းကိရိယာ အဆန်းအပြားပေါ်လာပေမယ့် မြန်မာ့သနပ်ခါးကိုတော့ ကလေး၊ လူငယ်၊ လူကြီးအစ အထူးသဖြင့် မြန်မာအမျိုးသမီးတွေက မြတ်နိုးခုံမင်စွာ လိမ်းခြယ်အသုံးပြုကြပါတယ်။ မြန်မာ့သနပ်ခါးမှာ ထူးခြားတာက သင်းပျံ့သော ရနံ့နဲ့ ပြည့်စုံတဲ့အပြင် လိမ်းခြယ်ထားသူရဲ့ အသားအရေကိုလည်း စိုပြည်လှပစေခြင်း၊ ချောမွတ်စေခြင်း၊ အေးမြစေခြင်း၊ စိတ်ကြည်လင်လန်းဆန်းစေခြင်း၊ နေရောင်ခြည် ဒဏ်မှကာကွယ်ပေးခြင်း စတဲ့ ဂုဏ်အင်္ဂါတွေရရှိစေပါတယ်။ အဲ့ဒါကြောင့်လည်း မြန်မာအမျိုးသမီးအများစုက ကောက်စိုက်ချိန်၊ ရေချိုးပြီးချိန် နှင့် ဘုရားသွား၊ ကျောင်းတက်၊ အလှူမင်္ဂလာပွဲလမ်းသဘင်များမှာ ခုံမင်နှစ်သက်စွာ လိမ်းခြယ်သွားကြတာဖြစ်ပါတယ်"ဟု ပြောပြသည်။

မြန်မာ့ရိုးရာသနပ်ခါးပင်မှာ ပြည်တွင်းဈေးကွက်ခိုင်မာမှုရှိသည့်အပြင် နိုင်ငံတကာကပါ ပိုမိုစိတ်ဝင်စားလာခြင်းတို့ကြောင့် အခြားသီးနှံများဖြစ်သည့် သရက်၊ လျှော်ဖြူ၊ ဒန့်သလွန်နှင့် ကွမ်းတို့ထက် ပိုမိုတိုးချဲ့စိုက်ပျိုးကြကြောင်း၊ မြန်မာ့ရိုးရာသနပ်ခါးပင်များကို မြန်မာနိုင်ငံအနှံ့အပြားတွင် တွေ့ရသော်လည်း ပူပြင်းခြောက်သွေ့သည့် မြန်မာပြည် အလယ်ပိုင်းအညာဒေသများတွင် ပို၍ဖြစ်ထွန်းကြောင်း၊ မြန်မာ့သနပ်ခါး အများစုစိုက်ပျိုးသည့် မြို့များမှာ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ရှင်မတောင်၊ အရာတော်၊ ရွှေဘို၊ ဘုတလင်၊ ယင်းမာပင်၊ မုံရွာ၊ မြင်းမူ၊ ပေါက်မြို့တို့ ဖြစ်သည်။ ရှေးမြန်မာဘုရင်များ လက်ထက်မှစ၍ ယနေ့အထိ ထိန်းသိမ်းလာခဲ့ကြသည့် မြန်မာ့ သနပ်ခါးကို လူသားမျိုးနွယ် ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် မှတ်တမ်းဝင် နိုင်ရေး နိုင်ငံတော်အဆင့်တာဝန်ရှိသူများ၊ သနပ်ခါးလုပ်ငန်းရှင်များ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး NGO အဖွဲ့အစည်းများ၊ သနပ်ခါးချစ်မြတ်နိုးသည့် ပြည်သူများအားလုံး ဝိုင်းဝန်းကြိုးပမ်းလှုပ်ရှားဆောင်ရွက်နေကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၄၀)

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ ဝါးနက်ချောင်းနေ ဦးဇော်ထွန်းမြင့် (ဘ)ဦးမြင့်သောင်း(၁၃/ရစန(နိုင်)၀၀၄၈၁၈)မှ အများသိစေရန် အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ထွန်းမြင့်အား ဆက်သွယ်ရေးကွန်ရက်မှသော်လည်းကောင်း၊ လူအသိုက်အဝန်းပတ်ဝန်းကျင်တွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်နေကြောင်း သက်သေအထောက်အထားခိုင်လုံစွာဖြင့် သိရှိရပါသည်။ ယနေ့သတင်းစာတွင် ကြေညာပါသည့်ရက်မှစပြီး ဦးဇော်ထွန်းမြင့်အား အထက်ဖော်ပြပါ ကိစ္စရပ်များ ထပ်မံကျူးလွန်ခြင်းမပြုရန် အသိပေးအကြောင်းကြားအပ်ပါသည်။ ထပ်မံကျူးလွန်ခြင်းများ ပြုလုပ်လာပါက ထိုသူအား တည်ဆဲဥပဒေနှင့်အညီ မလွှဲမရှောင်သာ၍ အရေးယူခြင်းများ ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ထွန်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းသော်တာမင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၁၈၄/၂၂)**
**ဖုန်း ၀၉-၉၆၉၇၀၆၉၀၉**

## အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်ရတနာရပ်ကွက်နေ ဦးရဲလွင်(ဘ)ဦးဘိုအေး(၉/ရမသ(နိုင်)၁၇၈၈၁၅)နှင့် သားဖြစ်သူ ဦးမင်းထက်လွင်(ဘ)ဦးရဲလွင်(၉/မရမ(နိုင်)၀၈၆၆၅၈)တို့ နှစ်ဦးစလုံး ကျွန်ုပ်အား ငွေရေးကြေးရေးကိစ္စရပ်များကို (၇)ရက်အတွင်း ကိုယ်တိုင်လာရောက်ဖြေရှင်းပေးပါရန် အကြောင်းကြားအပ်ပါသည်။ ထိုသို့ လာရောက်ဖြေရှင်းပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ထွန်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းသော်တာမင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၁၈၄/၂၂)**
**ဖုန်း ၀၉-၉၆၉၇၀၆၉၀၉**

## ဒေါ်မြကြည်နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၇)၊ ဦးပိုင်အမှတ်(၁၂-က)၊ ဧရိယာ(၀ ဒသမ ၀၁၄)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြကြည်ထံမှ ကျွန်မ ဒေါ်နိုင်ငြိမ်းသန်းက (၁၀-၇-၂၀၁၁)ရက်တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။

အဆိုပါကတိစာချုပ်အရ ဖော်ပြပါ ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးပါရန် (၇-၆-၂၀၂၅)ရက်တွင် နောက်ဆုံးထား၍ ကျွန်ုပ်တို့ထံသို့ လာရောက်ဆက်သွယ်ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ လာရောက်ဆက်သွယ်၍ မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးရန် ပျက်ကွက်ပါက တည်ဆဲတရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်မြကြည်နှင့် အများသိစေရန် အသိပေးကြေညာပါသည်။

**ဒေါ်နိုင်ငြိမ်းသန်း(ဘ)ဦးသန်းမြင့်**
**(၁/ကမန(နိုင်)၀၄၇၄၇၀)**
**၇၃လမ်း၊ ၁၀၉လမ်းနှင့်၁၁၀လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊အကွက်အမှတ်(E-2.B)၊ ဦးပိုင်အမှတ်(E-2.B-က)ခဲစင်းတောင်ခြမ်း၊ ၆၂လမ်းနှင့်၆၃လမ်းကြား၊ အောင်ဇေယျလမ်းနှင့် ဘုရင့်နောင်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ (မိခင်) ဒေါ်ယုယုမာ(၉/မရမ(နိုင်)၀၅၇၂၄၂)မှ သားဖြစ်သူ ဦးဇော်ဇော်လှိုင်အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊(ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၂၈)၊ ဦးပိုင်အမှတ် (၅၀+၅၁)၊ ၅၈လမ်းနှင့် ၅၉လမ်းကြား၊ ၁၃၉လမ်းနှင့် လမ်း၁၄၀ကြားရှိ ဒေါက်တာ သန်းထွန်းဦး အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၈၇၃/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်ခင်ပြုံးခိုင်(၉/မရမ(နိုင်)၀၆၁၈၉၇)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၁/၂၀၂၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ကေခိုင်ဦး (၉/မရမ(နိုင်)၀၀၃၀၀၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(ဈ)၊ ဦးပိုင်အမှတ်(၆၅)၊ ရန်ကုန်-မန္တလေးကားလမ်းအနောက်ဘက်၊ မေဇင်သိန်းလမ်းတောင်ဘက်ရှိ ဗိုလ်မှူးမောင်ကျော်(ငြိမ်း)အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဗိုလ်မှူးမောင်ကျော်(ငြိမ်း)(ခ)ဦးကျော်၊ မိခင် ဒေါ်ကြည်ကြည်မြင့် တို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးသန်းထွဋ်(၉/အမရ(နိုင်)၀၀၅၀၃၂)၊ ဒေါ်ချိုချိုကျော်(၉/အမရ(နိုင်)၀၀၅၀၃၃)၊ ဦးမိုးကျော်သူ(၉/အမရ(နိုင်)၀၀၀၉၀၂)၊ ဦးရဲကျော်ကျော်(၉/အမရ(နိုင်)၀၀၀၉၁၀)၊ ဒေါ်မေကြည်ကျော်(၉/အမရ(နိုင်)၀၀၁၁၆၂)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်နှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(မ-၇)၊ ဦးပိုင်အမှတ်(၁၇)၊ ဧရိယာ(၀ ဒသမ ၂၇၇၈)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးကျော်သိန်း(ခ)ဦးမောက်ဖူးရင်(ဘ)ဦးလမောက်နော်(၁/မညန(နိုင်)၀၁၈၁၂၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မဥ္ဇူမြင့် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၆၀၂၀၃၇၈၆၇**

## မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၃)၊ ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိသော ဦးလှိုင်မြင့်ဦး အမည်ပေါက်ဂရန်မြေကွက်၏ တောင်ဘက်ခြမ်းဧရိယာ ပေ(၃၀×၄၀)အကျယ်အဝန်းရှိသော ဂရန်မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်ဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ (၂)လုံး(ဆက်လက်သုံးစွဲခွင့် အပါအဝင်) သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်မြသွယ် (ဘ)ဦးစု(၉/မနတ(နိုင်)၀၈၁၃၂၃)ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၁၀)၊ ဦးပိုင်နံပါတ်(၉၅-က)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးဝေလွင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ငြိမ်းမမ(ဘ)ဦးမြအောင်(၉/မရတ(နိုင်)၀၀၉၄၂၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစ်အောင် (LL.M) | ဦးကြည်ယံ (LL.B) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမိုမိုထွန်း(LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၉)၊ ဦးပိုင်နံပါတ်(၁၂)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးထွန်းရှိန် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ချိုချိုဦး (ဘ)ဦးငြိမ်း(၉/အမရ(နိုင်)၀၆၂၉၈၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစ်အောင် (LL.M) | ဦးကြည်ယံ (LL.B) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမိုမိုထွန်း(LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အတတ်ပညာသာမက အသိပညာဗဟုသုတများ ရှာမှီးနိုင်ရန် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများကို အလေးထားဆောင်ရွက်ပေးလျက်ရှိ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၆) မှ ကျောင်းသား၊ကျောင်းသူများကိုတွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ယာယီဘာရှာလိုင်းခန်းများတွင် ဝန်ထမ်းများ ပြောင်းရွှေ့နေထိုင်နေမှုနှင့် Fabricated Modular House များ တပ်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းက ယာယီဘာရှာလိုင်းခန်းများတွင် ဝန်ထမ်းများ ပြောင်းရွှေ့နေထိုင်နေမှုနှင့် Fabricated Modular House များ တပ်ဆင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**စည်းကမ်းရှိစွာ နေထိုင်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် ဝန်ကြီးဌာနပိုင်မြေနေရာ၌ ပြည်ထောင်စုဝန်ကြီးရုံး၊ သမဝါယမဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ လျောင်ဒဏ်သင့် အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ နေထိုင်နိုင်ရေး တည်ဆောက်ပြီးစီးခဲ့သည့် ယာယီဘာရှာလိုင်းခန်းများတွင် ပြောင်းရွှေ့နေထိုင်နေမှု အခြေအနေများ၊ Fabricated Modular House များ တပ်ဆင်ဆောင်ရွက်နေမှု အခြေအနေများနှင့် ရေ၊ မီး၊ မိလ္လာစနစ်များ တပ်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ စနစ်တကျ နေထိုင်နိုင်ရေးအတွက် လိုအပ်သည့် ရေ၊ မီး၊ မိလ္လာများ လုံလောက်မှုရှိအောင် ဆောင်ရွက်ပေးရန်၊ ယာယီဘာရှာများ ပတ်ဝန်းကျင် သန့်ရှင်းသာယာမှုရှိစေရေးနှင့် ဝန်ထမ်းများ စနစ်တကျဖြင့် စည်းကမ်းရှိစွာ နေထိုင်ကြစေရေး ကြပ်မတ်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

**အမြန်ဆုံးနေရာချထား**

ယင်းနောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)အတွင်းရှိ မြေနေရာတွင် လျောင်ဒဏ်သင့် ဝန်ထမ်းများ နေထိုင်နိုင်ရေး Prefabricated Modular House များ တပ်ဆင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက Fabricated Modular House တပ်ဆင်မှုများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ပြီးစီးပါက ဝန်ထမ်းများကို စနစ်တကျ အမြန်ဆုံး နေရာချထား ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

# တောင်ဒဂုံဘောလုံးကွင်းတွင် Junior Lions အသင်းကို အနိုင်ယူ၍ အနိုင်(၃)မှတ် စုဆောင်းနိုင်ခဲ့သည့် ရန်ကုန်ယူနိုက်တက် (ယူ-၂၁) အသင်း

ရန်ကုန် ဇွန် ၁

ယနေ့ညနေ တောင်ဒဂုံ ဘောလုံးကွင်းတွင် MNL (U-21) Youth League ပွဲစဉ်အဖြစ် Junior Lions အသင်းနှင့် ရန်ကုန်ယူနိုက်တက် (ယူ-၂၁) အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ရန်ကုန်ယူနိုက်တက် (ယူ-၂၁) အသင်းက သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက်လူငယ်အသင်းက ဖိဖိစီးစီးကစားနိုင်ခဲ့ပြီး ပွဲချိန် (၄) မိနစ်တွင် Junior Lions ဂိုးသမား၏ အမှားမှတစ်ဆင့် ဇော်ဘိုထွဋ်က ရန်ကုန်ယူနိုက်တက် လူငယ်အသင်းအတွက် ဦးဆောင်ဂိုးကိုသွင်းယူပေးခဲ့သည်။ Junior Lions အသင်းမှ ဦးဆောင်ဂိုးပေးရပြီးချိန်တွင် ချေပဂိုးပြန်လည်ရရှိရေး တိုက်စစ်ဖွင့်ကစားခဲ့ကာ ပွဲချိန် (၁၇) မိနစ်တွင် သော်ဇင်ကိုက Junior Lions အသင်းအတွက် ချေပဂိုးအား သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ရန်ကုန်ယူနိုက်တက်အသင်းမှ ဦးဆောင်ဂိုးရရှိရေး ဦးတည်ကစားခဲ့ရာ ပွဲချိန် (၂၃)မိနစ်တွင် ဇရိယာထိပ်မှ လျှံထွက်လာသည့် ဘောလုံးကို မောင်တော့က အပြင်းကန်သွင်းယူခဲ့ပြီး ရန်ကုန်ယူနိုက်တက် လူငယ်အသင်းအတွက် ဦးဆောင်ဂိုးဖြစ်စေခဲ့သည်။ ဒုတိယဂိုးရရှိပြီး (၂) မိနစ်အကြာ ရန်ကုန်ယူနိုက်တက် လူငယ်အသင်းမှ တတိယ ဦးဆောင်ဂိုးရရှိခဲ့ပြီး ဇော်ဘိုထွဋ်က ပင် သွင်းယူပေးခဲ့ရာ ပထမပိုင်းတွင် သုံးဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်ဖက်စလုံးမှ ဂိုးများရရှိရေးအပြင်းအထန်ကစားခဲ့သော်လည်း ကစားသမားများ၏ အဆုံးသတ်လွဲချော်မှုများကြောင့် ဂိုးများမြင်တွေ့ရဖို့ ကြန့်ကြာခဲ့သည်။ ထို့နောက် Junior Lions အသင်းမှ ချေပဂိုးရရှိခဲ့ပြီး ပွဲချိန် (၈၅) မိနစ်တွင် စိုင်းဘိုဘိုကျော်ကသွင်းယူပေးခဲ့သည်။

ရန်ကုန်ယူနိုက်တက်(ယူ-၂၁) အသင်းသည် လက်ရှိတွင် (၆) ပွဲကစား၊ (၅) ပွဲနိုင်၊ (၁) ပွဲရှုံး ရမှတ်(၁၅) မှတ်ရရှိထားပြီး အမှတ်ပေးဇယား အဆင့်(၂) တွင် ရပ်တည်လျက်ရှိကာ လာမည့် ဇွန် (၇) ရက်တွင် ဒဂုံစတားယူနိုက်တက် (ယူ-၂၁) အသင်းနှင့် တောင်ဒဂုံကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (NGB)

---

## အီဒုလ်အသွဟာ(ကုရ်ဘာနီအီးဒ်)နေ့ဖြစ်သည့်အတွက် အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာ

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်(၂၀၂၅ ခုနှစ်၊ ဇွန်လ ၇ ရက်) စနေနေ့သည် "အီဒုလ်အသွဟာ (ကုရ်ဘာနီအီးဒ်)ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်၊ ၇၆/၂၀၂၅ ဖြင့် ကြေညာထားပါသည်။

---

## နေရာကွက်၍ မိုးကြိုးနိုင်

နေပြည်တော် ဇွန် ၁

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်ပါသည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်ပါသည်။

မိုး/ဇလ